# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## ဆန်စပါးထွက်ရှိမှု တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဖြစ်လာ ပြည်ပသို့ လစဉ် ဆန်တန်ချိန် နှစ်သိန်းဝန်းကျင်တင်ပို့လျက်ရှိ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း ဆန်စားသုံးမှု ဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပိုလျှံသော ဆန်စပါးများကို ပြည်ပသို့ ပို့ကုန်မဟာဗျူဟာ ဦးစားပေးသတ်မှတ်ကာ ပိုမိုတင်ပို့နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြည်ပသို့ လစဉ်ဆန်တန်ချိန် နှစ်သိန်းဝန်းကျင်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"ကျွန်တော်တို့ လစဉ်ဆန်တန်ချိန် နှစ်သိန်းဝန်းကျင်ခန့် ပျမ်းမျှတင်ပို့မှုကို PLan ထားပါတယ်။ ဒါကတော့ အရင်ကတည်းက ထားတာပါ။ တစ်လကို တန်နှစ်သိန်းလောက် ပုံမှန်ပို့သွားမယ်။ တချို့လည်း ပြီးခဲ့တဲ့လတွေမှာ တစ်သိန်းခွဲလောက်ပေါ့။ တစ်နှစ်ကိုတော့ ဆန်တန်ချိန် နှစ်သန်းဝန်းကျင် ၂ ဒသမ ၁ သန်း၊ ၂ သန်းပေါ့။ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် တင်ပို့သင့်တဲ့ပမာဏ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပုံမှန်တင်ပို့နေပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၂

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကျောက်ဖြူမြို့နယ် စနဲမြို့ ရေတပ်ဆိပ်ခံတံတားသို့ရောက်ရှိရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် စနဲမြို့တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၀၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** *စာမျက်နှာ ၅ ကော်လံ ၁* ❑



## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဒုတိယနေ့ ကျင်းပ**
ပြည်တွင်းသတင်း | စာ - ၃

**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် Kitasato University International Exchange Program 2023 သို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသူ သုံးဦး တက်ရောက်မည်**
ပြည်တွင်းသတင်း | စာ - ၇

**နာဆာ၏ စပေ့အိတ်စ် ခရူး-၅ မှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာ**
နိုင်ငံတကာသတင်း | စာ - ၁၂

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရာတွင် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်မြို့လယ်ဖြစ်သည့် လမ်းမတော်မြို့နယ်တွင် ကွတ်ကီးမုန့်များအတွင်း ဆေးခြောက်များ ထည့်သွင်းပြုလုပ်ကာ အွန်လိုင်းမှတစ်ဆင့် ရောင်းချသူနှစ်ဦးကို ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖမ်းဆီးရမိခဲ့သည်။ ဤသည်မှာ လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထားကာ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချမှုတွင် နောက်ဆုံးပေါ်ထွက်လာသည့် ပုံစံတစ်မျိုးဖြစ်ပြီး အခြားမူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချရာတွင်လည်း အိုင်တီနည်းပညာကို အသုံးပြု၍ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများထံ ဆက်သွယ်ချဉ်းကပ်ဖွယ်ရှိသည်ဟု သတိပြုစရာပင်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်လာခြင်းနှင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်ပြီး အကြမ်းဖက်အုပ်စုများ ပေါ်ထွက်လာခြင်းတို့က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအပေါ် ရိုက်ခတ်မှုတို့ရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများသည် နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ နည်းလမ်းပေါင်းစုံဖြင့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးကြရန် လိုအပ်ကြောင်း" ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ၌ လမ်းညွှန်မှာကြားခဲ့ရာ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးနှင့် အခြားဆက်စပ်ပစ္စည်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ ဓာတ်ခွဲစမ်းသပ်ကိရိယာများ အသုံးပြု၍ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသကဲ့သို့ တစ်ဖက်တွင် မူးယစ်ဆေးဝါးသယ်ဆောင်သူများကလည်း လမ်းကြောင်းများ ပြောင်းလဲခြင်း၊ ရှောင်ကွင်းလမ်းများ အသုံးပြုခြင်း၊ သယ်ဆောင်သည့် နည်းစနစ်ပုံစံများ ပြောင်းလဲခြင်း၊ ပင်လယ်ရေကြောင်းကို အသုံးပြုသယ်ဆောင်ရောင်းဝယ်ခြင်းများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာများသည် အုပ်ချုပ်ရေး အလှမ်းဝေးရာ နယ်စွန်နယ်ဖျားဒေသများတွင် တည်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ လှုပ်ရှားရာဒေသများလည်းဖြစ်သည်။ ၎င်းဒေသများမှ ထုတ်လုပ်လိုက်သည့် မူးယစ်ဆေးဝါးများသည် အိမ်နီးချင်းနိုင်ငံအချို့သို့လည်းကောင်း၊ ပြည်တွင်းသို့ လမ်းကြောင်းအမျိုးမျိုးမှ ဖြတ်သန်းကာ ပင်လယ်ရေကြောင်းမှ အပြည်ပြည်ဆိုင်ရာ ရေပြင်သို့လည်း ကောင်း သယ်ဆောင်နေကြခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ ပြည်တွင်းရှိ အကြမ်းဖက်အုပ်စုများ လှုပ်ရှားရာဒေသများတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချမှုနှင့် သုံးစွဲမှုများ မြင့်တက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးအမြတ်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရသည်။ တောမီးလောင်၊ တောကြောင် လက်ခမောင်းခတ် ဟူသော ဆိုရိုးနှင့်အညီ မငြိမ်မသက်မှုများကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းချိန်တွင် ဒုစရိုက်သမားများနှင့် မသမာသူများ လှုပ်ရှားထကြွကြသည်မှာ ၎င်းတို့၏ သဘာဝပင်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးသည် အမျိုးသားရေးတာဝန်ပင်ဖြစ်ပြီး နိုင်ငံတော်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံးကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာကဏ္ဍမှ ပူးပေါင်းတိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆပ်ကပ်ခြင်းခံခဲ့ရသော ဝဲကြီးဆရာတော်ဘဒ္ဒန္တ အာဒိစ္စဝံသ အား ထပ်ဆင့်ဂုဏ်ပြုပူဇော်



နေပြည်တော် မတ် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တ အာဒိစ္စဝံသ ဝဲကြီးဆရာတော် ထေရ်အရှင်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုသည့် ဂုဏာဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်တော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ ဝဲကြီးဆရာတော် အမှူးပြုသည့် ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၂) ဦးဇေယျာလင်းနှင့် ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် (၃) ဦးမြင့်စိုးနှင့် ဇနီး၊ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် အဖွဲ့များ၊ ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့်အဖွဲ့များ တက်ရောက်ခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်တော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ ထေရ်အရှင်မြတ်ကြီးအား ပူဇော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှဝေခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲတို့အား ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် ယမန်နေ့နံနက်ပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ကန်ဦးကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) တွင် ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**






**မေးမြန်းအကြံပြုဆွေးနွေး**

နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ သင်ခန်းစာများနှင့် အနာဂတ်တွင် ကမ္ဘာ့ကပ်ရောဂါဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်မှုများကို ကြံ့ခိုင်စွာဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ (Concerted Response to the COVID-19 Pandemic in Myanmar : Challenges , Lessons Learnt and Strengthening Resilience to Future Pandemic) ခေါင်းစဉ်ဖြင့် Main Symposium အဖြစ် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးစားပေးအုပ်စုများအလိုက် လွှမ်းခြုံမှုမြင့်မားစွာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ခေတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများ၊ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကုသရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့မှုများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ဆေးပစ္စည်းများ၊ ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ချက်များ၊ clinical management committee ၏ အခန်းကဏ္ဍများကို ဆွေးနွေးကြရာ တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက်ဆွေးနွေးပွဲများကို အစီအစဉ်အတိုင်း ကျင်းပရာ ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲသင်ယူလေ့လာမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို (IPE,IPCP, Essential Strategy for quality care in medical practice) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားပညာရေး သင်ကြားရေးနှင့် ပတ်သက်၍ (Nursing Education) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မျိုးရိုးဗီဇ ရှေးဟောင်းသုတေသနနည်းပညာဖြင့် မြန်မာ့သမိုင်းကြောင်းကို ဖော်ထုတ်ခြင်း (Archeogenetic exploration of the ancestors of Myanmar) ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသည်။ ဆွေးနွေးပွဲများကို ပြည်ထောင်စုဝန်ကြီး တက်ရောက်အားပေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သိရှိလိုသည်များကို မေးမြန်း**

ဆွေးနွေးပွဲ တက်ရောက်ကြသူများ အနေဖြင့် မိမိတို့စိတ်ဝင်စားသော ဘာသာရပ်များအား လေ့လာဆွေးနွေးနိုင်ရန်အတွက် အခန်း ငါးခန်းခွဲ၍ Parallel Session များကို တစ်ပြိုင်တည်းကျင်းပခဲ့ရာ ဆေးရုံများတွင် ကုသမှုအရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း( Improving quality of care in hospital) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြင့် ကလေးငယ်များ၏ အသက်သေဆုံးမှုကိုကာကွယ်ပေးခြင်း( Saving the Lives of Children by Quality Immunization Services) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစားအသောက်ယုံတမ်းစကား၊ တရားမဝင်တင်သွင်းလာသော ဆေးဝါးများ၊ စံမညီဆေးဝါးများ၊ ဆေးဝါးအတုများနှင့် ပတ်သက်၍ လူထုကျန်းမာရေးအပေါ် သက်ရောက်နိုင်မှု အခြေအနေများ၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းသော ဆေးပစ္စည်းကိရိယာများကို ဆေးဘက်ဆိုင်ရာနယ်ပယ်အတွင်း ရရှိစေရေး(Food Hoax and Illegal Medical Products that Impact on Health) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရိုးပွခြင်းရောဂါ (Osteoporosis : Why is a hip fracture so Dangerous) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကလေးကျန်းမာရေးပညာရပ်များနှင့် ပတ်သက်၍ (Acute Care in Paediatric Practice နှင့် Trans –catheter interventions in Congenital heart disease) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကပ်ရောဂါနှင့်ယှဉ်တွဲ၍ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများအကြောင်းကို (Public Health Pandemic inheritance environmental stressor) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အရိုးအကြောအဆစ်ရောဂါ အဖြေရှာရာတွင် မှားနိုင်ခြေများနှင့် ပတ်သက်၍ (Pitfalls in the interpretation of investigations in Rheumatological Practice) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆုတ်ကင်ဆာရောဂါများနှင့်ပတ်သက်၍ (Lung Malignancy)ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဟော်မုန်းဆိုင်ရာရောဂါများနှင့် ပတ်သက်၍ Changing concepts in Management of Type 2 Diabetes ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သွားတုစိုက်ခြင်းနှင့် ပတ်သက်၍ ကိုရီးယားနိုင်ငံမှ သွားဆရာဝန်ကြီး Dr. Ha Nee Bae က Minimally invasive Implant treatment ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်လည်သန်စွမ်းရေးနှင့် ပတ်သက်၍ Improving rehabilitation in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တီဘီရောဂါများနှင့် ပတ်သက်၍ Updated Management of latent and drug-resistant TB) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးခေါင်းနှင့် လည်ပင်းတွင်ဖြစ်တတ်သော ကင်ဆာရောဂါများနှင့် ပတ်သက်၍ (Management of Head and Neck Cancer) ခေါင်းစဉ်ဖြင့် လည်းကောင်း သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးတင်ပြ၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ဦးဆောင်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် အစီအစဉ်များကို Parallel Sessions များအဖြစ် အခန်းအသီးသီး၌ ဆက်လက်ကျင်းပပြီး မေရိုးနှင့်ခံတွင်းကင်ဆာဝေဒနာရှင်များအား ကုသမှုပေးနေသည့် ခေတ်မီခွဲစိတ်မှု နည်းပညာရပ်များနှင့် ပတ်သက်၍ (Surgical Management of Oral Cancer in University of Dental Medicine, Pediatric Neurology) ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်၍ ဦးဆောင်ဆွေးနွေးသည်။

အစီအစဉ်အရ Plenary Hall တွင် အသံတိတ်ကပ်ရောဂါအသွင် ပဋိဇီဝဆေးယဉ်ပါးမှုဖြစ်စဉ်နှင့် ပတ်သက်၍ (Anti-Microbial Resistance, a Silent Pandemic) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးလက်တွေ့သင်ကြားရေး အရွေ့နှင့်စနစ်တကျ စိစစ်ခွဲခြားစဉ်းစားခြင်းဓလေ့ (Clinical Teaching and Critical Thinking) ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ထို့ပြင် Parallel Sessions များအဖြစ် ဦးနှောက်အရေးပေါ်ဝေဒနာ အချိန်နှင့်တစ်ပြေးညီ ကုသပါ (Time is brain, Recent advances of Status Epilepticus, Update on Hyperacute management of Ischaemic Stroke) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောက်ကပ်ကျန်းမာအားလုံးအတွက်ပါ (Kidney Health for All ) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကင်ဆာကုသမှုအောင်မြင်ရေး ဌာနပေါင်းစုံစည်းဝေးညှိနှိုင်းပေး (Multidisplinary team meeting in effective Cancer management) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ Dr. JIEUN CHOI ဦးဆောင်၍ Approach to the patients with CNS infection and encephalopathy ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံမှ Dr. Naoko KISHI ဦးဆောင်၍ (Comprehensive treatment for cleft lip and Plate) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Sustainability of HOPE by Hospice and Palliative care in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆီးချိုကြောင့် မျက်စိအမြင်အာရုံလွှာ ထိခိုက်ခြင်းကို ကုသနည်းများ(Ophthalmology Current trend in the management of Diabetic Retinopathy) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ Dr. Hijin You ဦးဆောင်၍ Introduction of Craniofacial surgery ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကလေးကျန်းမာရေးပညာဌာန၊ သားဖွားနှင့်မီးယပ်ပညာဌာန၊ ခွဲစိတ်ကုပညာဌာနတို့မှ သက်ဆိုင်ရာ Clinical Session များဖြင့် ဆွေးနွေးကြရာ Parallel Session အလိုက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်းများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြသည်။

**၂၀၀၀ ခန့် တက်ရောက်**

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို မတ် ၁၁ မှ ၁၂ ရက်အထိ ကျင်းပဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငြိမ်းစားဆေးပညာရှင် ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် ဆက်စပ်နီးနွယ်သော ပညာရှင်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးပညာရှင်ကြီးများ၊ နီးနွယ်ဝန်ကြီးဌာနများမှ ပညာရှင်ကြီးများ၊ နိုင်ငံတကာမှ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှပညာရှင်များ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းနှင့် ဘာသာရပ်ဆိုင်ရာ ဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်ကြီးများအသင်းနှင့် ဆေးကုမ္ပဏီများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်းလူဦးရေ ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

"ကျွန်တော်တို့နိုင်ငံမှာ ဆန်ကဖူလုံပါတယ်။ မနှစ်က ဆန်ဟောင်းတောင် ဒီနှစ်ထိထားစားတယ်။ အခုချိန်ထိ စားလို့ရသေးတယ်။ ဆန်ကဖူလုံတယ်။ လုံလုံလောက်လောက်ရှိတယ်။ ဒါကြောင့်မို့ စိုးရိမ်တကြီးဖြစ်စရာမလိုပါဘူး။ ဈေးကစားချင်တဲ့ ရည်ရွယ်ချက်နဲ့ လှောင်တာမျိုးတွေမလုပ်ဖို့ ကျွန်တော်တို့ စည်းကမ်းပိုင်းဆိုင်ရာ သတိပေးရတာတွေတော့ရှိပါတယ်။ တစ်ဖက်က ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်သင့်တဲ့ဟာလေးတွေလုပ်ရသလို ပြည်ပတင်ပို့မှုကို ထိန်းညှိဆောင်ရွက်မှုမျိုးတွေလည်း စီစဉ်ရတယ်။ ပြည်ပတင်ပို့မှုကတော့ ပုံမှန်လုပ်နေပါတယ်"ဟု ဦးရဲမင်းအောင်က ဆက်လက်ပြောသည်။

ပြည်တွင်းစားသုံးသည့် ဆန်နှင့် ပြည်ပတင်ပို့သည့် ဆန်များမှာ များသောအားဖြင့် မတူကြောင်း၊ ပြည်ပတင်ပို့သည့် အချို့ဆန်အမျိုးအစားများအား ပြည်တွင်း၌စားသုံးမှုမရှိကြောင်းနှင့် ပေါ်ဆန်းကဲ့သို့ ဆန်များအား ပြည်ပတင်ပို့မှုအနည်းငယ်သာရှိကြောင်း၊ ပြီးခဲ့သည့်အပတ်ဈေးကွက်ထဲတွင် ဆန်ဈေးနှုန်းအနည်းငယ် ပြန်ကျလာကြောင်း၊ နွေစပါးလည်း မကြာခင်ပေါ်ထွက်လာမည်ဖြစ်ကြောင်းနှင့် တစ်ဖက်တွင် ဆန်စပါးစိုက်ပျိုးသည့် တောင်သူများအတွက် ထိုက်သင့်သည့် အကျိုးအမြတ်များရအောင် လုပ်ပေးရန်လည်း လိုအပ်ကြောင်း သိရသည်။

ဆန်စပါးထွက်ရှိမှုနှင့်ရရှိမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ခြုံကြည့်ပါက ပုံမှန်အခြေအနေနီးပါးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အထွက်နှုန်းများကောင်းကြောင်း၊ စပါးဈေးကောင်းသည့်အတွက် တောင်သူလယ်သမားများ မြေသြဇာပိုမိုအသုံးပြုနိုင်ကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း လာမည့်မိုးစပါးအတွက် ဓာတ်မြေသြဇာများ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

# ပျိုးပင်များ အချိန်မီဖြန့်ဝေနိုင်ရန်နှင့် တစ်ပင်စိုက်တစ်ပင်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြား

**နေပြည်တော် မတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းရှိ အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ် (၁၁၆) သင်တန်းသားအိပ်ဆောင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းယားပျိုးဥယျာဉ်အတွင်းရှိ ၂၀၂၃ ခုနှစ် မိုးရာသီတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် လူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်းအတွက် သစ်မျိုး ရှစ်မျိုးဖြင့် ပျိုးပင် ၆၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပျိုးပင်များ အချိန်မီ ဖြန့်ဝေနိုင်ရန်နှင့် တစ်ပင်စိုက်တစ်ပင်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မေမြို့ထင်းကြိုးဝိုင်းရှိ မြန်မာနိုင်ငံ သစ်တောကျောင်း၊ လေ့ကျင့်ရေးသစ်တော ဧက ၅၀၀ သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ကျောင်းအုပ်ကြီးက လေ့ကျင့်ရေးသစ်တောအတွင်း နမူနာကွက်၊ သရုပ်ပြကွက်များဖြင့် သင်တန်းသားများကို သင်ကြားပို့ချ ဆောင်ရွက်မှုနှင့် သစ်တောပြုစု ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လေ့ကျင့်ရေးသစ်တောအတွင်း အမြဲတမ်းနမူနာကွက်များ သတ်မှတ်၍ သစ်တောစာရင်းတိုင်းတာ စာရင်းကောက်ယူမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မေမြို့ထင်းကြိုးဝိုင်း ထိန်းသိမ်း ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သစ်တောကြိုးဝိုင်းအတွင်းရှိပုဂ္ဂလိကကော်ဖီစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာချုပ်ပါ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အနီးကပ်ကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့ တပ်ကုန်း(အင်ဂျန်ဒုံ)ရပ်ကွက်အတွင်းရှိ ကျမ်းစာကျောင်းဝင်းအတွင်းပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

**မြစ်ကြီးနား မတ် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်း(အင်ဂျန်ဒုံ) ရပ်ကွက်အတွင်းရှိ မြစ်ကြီးနားဇုန်နယ်နှစ်ခြင်း သာသနာကျမ်းစာကျောင်းဝင်း အတွင်းပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

လမ်းသစ်ကို သိက္ခာတော်ရဆရာတော်များက ဆုတောင်းဆက်ကပ်ပေးခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်း၊ ကောင်းချီးပေး ဆုတောင်းဆက်ကပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ကတ္တရာလမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ သိက္ခာတော်ရဆရာလယော်ဒေါ်ဟောင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာဆိုင်းခွမ်၊ ဒူဝါ ဒေါက်တာ ဘန်လွန်ဘွမ်ယွန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ၂၀၂၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လေးက မဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေး၊ နှစ်သစ်ကူးသိလ်ကောင်းမှုပြုသည့် အခမ်းအနားများ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ခွဲဝေချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ နှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Charging Station များ ဆောက်လုပ်နေမှု၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)နှင့် ဦးစီးဌာနအလိုက် သုတေသနဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၂**

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့်အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးဗိုလ်ငွေးနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး၌ Essential Motors Co.,Ltd မှ Charging Station တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြေပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် သတ်မှတ်ချိန် အချိန်မီပြီးစီးရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးအနေဖြင့် လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း သခင်မြပန်းခြံ၌ Chin Dwin Shan Co.,Ltd မှ Charging Station ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက Transformer တည်ဆောက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဟန်ချက်ညီဆောင်ရွက်၍ သတ်မှတ်ချိန် အချိန်မီပြီးစီးရေး မှာကြားပြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ Asia Pacific Automaker Corporation Co.,Ltd နှင့် လှိုင်သာယာမြို့နယ် ဒဂုံ-ရေအဝေးပြေး ယာဉ်ရပ်နားစခန်း၌ Myanmar Brilliance Auto Co.,Ltd မှ Charging Station ဆောက်လုပ်နေမှုတို့ကို ဆက်လက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

Charging Stations များကို Pilot Project၏ ကနဦးအဆင့်အနေဖြင့် နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ငါးနေရာ စုစုပေါင်း ၁၉ နေရာကို ဆောင်ရွက်သွားရန် ကုမ္ပဏီ ကိုးခုကို တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပြီး မတ်လအတွင်း ၁၀၀ ရာခိုင်နှုန်း အပြီးတည်ဆောက်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သို့ ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက သင်တန်းကျောင်းအဆင့်မြှင့်တင်မည့် ဖွဲ့စည်းပုံဆိုင်ရာကိစ္စ၊ သင်တန်းကျောင်းဧရိယာ နယ်နိမိတ်အတွင်း ကျူးကျော်နေထိုင်သူများ မရှိစေရေး၊ သင်တန်းကျောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်နှင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်မည့် သင်တန်းဆိုင်ရာလျာထားချက်များအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန စသည့်ဦးစီးဌာနအလိုက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသို့ သွားရောက်ပြီး ကတ္တရာစမ်းသပ်ခြင်း၊ ကတ္တရာကွန်ကရစ်အင်အားစမ်းသပ်ခြင်း၊ ကတ္တရာကွန်ကရစ်မျက်နှာပြင် ဘီးလမ်းကြောင်းရာတစ်လျှောက် နစ်ဝင်မှု (Rutting Test) စမ်းသပ်ခြင်း၊ ဘိလပ်မြေနှင့် ဘိလပ်မြေကရစ်စမ်းသပ်ခြင်း၊ မြေသားစမ်းသပ်ခြင်း၊ လမ်းတည်ဆောက်ခြင်းနှင့်ဆိုင်သော သုတေသနပြုဆောင်ရွက်သည့် ဓာတ်ခွဲခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း သမားရိုးကျစိုက်နည်းစနစ်မှ အစေ့ချစိုက်နည်းစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေး မျိုးစေ့ချကိရိယာ(Drum Seeder)များ ထောက်ပံ့

ပဲခူး မတ် ၁၂

ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်နည်းစနစ် ပြောင်းလဲနိုင်ရန် ဒေသခံတောင်သူများသို့ မျိုးစေ့ချကိရိယာ(Drum Seeder) ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၁ ရက်က ပဲခူးမြို့နယ် ဘုရားကြီးမြို့ ပေါက်တောကျေးရွာ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းရှိ လူဦးရေအားလုံး၏ ၈၂ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍအား ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိရိုးဖလာစိုက်ပျိုးသည့်စနစ်မှ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် ပြောင်းလဲဆောင်ရွက်သွားမှသာ အထွက်နှုန်းကောင်းပြီး ပိုးမွှားရောဂါကျရောက်မှု အန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့သည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ချိန်မှန်မှုရှိစေရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ သမားရိုးကျ စိုက်နည်းစနစ်မှ အစေ့ချစိုက်နည်းစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေး မျိုးစေ့ချကိရိယာ (Drum Seeder)များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုး ခြောက်မျိုးအား ပြောင်းလဲစိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တက်ရောက်လာသည့် တောင်သူများအား မျိုးစေ့ချကိရိယာ(Drum Seeder)များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများအား သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် ရက် ၉၀ စပါးမျိုးများ စိုက်ပျိုးရန်၊ တစ်ကွင်းတစ်ဆက်တည်း မျိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးရန်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မျိုးစေ့ထုတ် စိုက်ခင်းများထူထောင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ဝ၄ သန်းဖြင့် မြေရိယာ ၁၂၁ ဒသမ ၄၄ ဧကကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ပြီးစီးခဲ့သည့်အခြေအနေနှင့် အဆိုပါနေရာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ တီထွင်ဆန်းသစ်ထားသော လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုသည့် Roller Type ခြောက်တန်းသွား မျိုးစေ့ချကိရိယာဖြင့် နွေစပါး စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လာမည့်မိုးရာသီတွင် ဒေသအလိုက် အသုံးပြုနိုင်ရေးနှင့် ကြဲခင်းစနစ်လျှော့ချပြီး အစေ့ချစနစ်များ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်စေရေး အသိပညာပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

❑ *ရှေ့ဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ အရိုးရောဂါ ၁၅၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၂၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦး၊ ခတ်မှန်ရိုက်လူနာ ၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၂ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦးနှင့် ခတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည် -

"ဆီးလမ်းကြောင်းမှာ ကျောက်တည်တယ်ဆိုပြီးတော့ ရန်ကုန်မှာ နေတုန်းက ဆေးခန်းမှာပြခဲ့တယ်။ အဲဒါကြောင့် ဒီမှာ အာထရာဆောင်းလာပြီး ရိုက်တာပါ။ ကျေးဇူးတင်ပါတယ်။ ဘာလို့ဆို ဒီလိုခက်ခဲနေတဲ့ အချိန်မှာ ပိုက်ဆံမကုန်ဘဲ လာပြလို့ရတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ အရမ်းကြီး ဒီလိုမျိုး အာထရာဆောင်းရိုက်မယ်ဆိုရင် ဒီမှာက ရိုက်လို့ သိပ်အဆင်မပြေဘူး။ ရန်ကုန်တွေ၊ ကျောက်ဖြူတွေသွားရတော့ ပိုက်ဆံတွေ ကုန်ပါတယ်။ ဒီမှာကျတော့ ဒီလိုမျိုးပြလို့ရတယ်ဆိုတော့ အဆင်ပြေတာပေါ့။ လာစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် မသိလိုက်လို့ လာမပြလိုက်ရတဲ့ လူလဲရှိမယ်။ နောက်တစ်ခါလာပြမယ်ဆိုရင် ပိုပြီးအဆင်ပြေသွားတာပေါ့။ ဒီထက်လည်းအများကြီး ကုပေးနိုင်ပါစေ။ နိုင်ငံတော်အကြီးအကဲနှင့် ဆေးကုပေးတဲ့ဆရာဝန်အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။"

"ကျွန်မတို့က ကျောက်ဖြူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရဲ့ ဥက္ကဋ္ဌ ကျွန်မတို့ ဒါပရဟိတအဖွဲ့ပေါ့နော်။ ကျွန်မတို့အဲဒီအသင်းအဖွဲ့အနေနဲ့ ကျွန်မတို့ဒီဒေသမှာလာပြီး ပူးပေါင်းဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဒီလိုမျိုး ဝေးလံခေါင်းပါးတဲ့ စနဲမြို့လေးကို လာရောက်ပြီးတော့ ဆေးကုသဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ သံလွင် စစ်သင်္ဘောရေယာဉ် ပြီးတော့ ဆေးလာကုသပေးတဲ့ ပါရဂူကြီးတွေ၊ ဆရာဝန်ကြီးတွေနဲ့တကွ နောက်ပြီးတော့ ကျန်းမာရေးနယ်လှည့်ဆေးကုသရေးအဖွဲ့တွေရော ကျေးဇူးအများကြီးတင်ပါတယ်။ အဲလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့က အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်ရှင်။ အများကြီး အကျိုးရှိတာပေါ့ရှင်။ ကျွန်မတို့ ဒီစနဲဆိုတာက မြို့ပေါ်မှာသွားပြီးတော့ ပါရဂူတွေနဲ့ သွားပြရတာပေါ့။ ကျွန်မတို့မှာ တိုက်နယ်ဆေးရုံလောက်ပဲ ရှိတဲ့အခါကျတော့ ခက်ခဲတယ်။ နောက်သွားရေးလာရေး ဝေးလံတယ်။ နိုင်ငံတော်အကြီးအကဲကြီးတွေက ကျွန်မတို့ဒေသအတွက်ကိုလေ စက်တွေကော၊ ဆရာဝန်ကြီးတွေကော ယန္တရားကြီးတွေနဲ့ သေချာလေး လာပြီးတော့ ကုပေးတဲ့အတွက်ကြောင့် လာပြတဲ့သူတွေဟာဆိုရင် ထောင်နဲ့ချီရှိပြီး ကျွန်မတို့တောင် မနိုင်မနင်းဖြစ်ရပါတယ်။ ကျွန်မတို့ကလေ အခုဆို ဒီသံလွင်စစ်သင်္ဘောကြီးမှာ မျက်စိအတွင်းတိမ်ဖြစ်တယ်ဆိုရင် ချက်ချင်းခွဲပေးတာပေါ့နော်။ အဲဒါဆိုတော့ သူတို့က ပိုက်ဆံကုန်ကျစရိတ် နောက်ပြီးတော့အချိန်ပေါ့နော် အများကြီး သက်သာတယ်။ ချက်ချင်းမျက်စိအလင်းပြန်ရတဲ့အတွက်ကြောင့် ကျွန်မတို့ ဒေသခံတွေ စနဲမြို့သူ မြို့သားတွေကအရမ်းကို ဝမ်းသာကြည်နူးကြတယ်။ နောက်ပြီးတော့ အခြားသော အရိုးတို့၊ သွားတို့ဆိုရင် ချက်ချင်း ကုပေးတာ။ အဲ့လိုမျိုးဆိုတာ ကျွန်မတို့မှာ တစ်ခါမှ မကြုံဖူးဘူးပေါ့နော်။ ကျွန်မတို့က အတိုင်းမသိကျေးဇူးလည်းတင်တယ်။ ကျွန်မဆုတောင်းပေးချင်တာကတော့ ကျွန်မတို့ရဲ့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး မိသားစုတွေ နောက်ပြီးတော့ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေနဲ့ ကျန်းမာရေးအသင်းအဖွဲ့တွေ၊ Volunteer အဖွဲ့တွေ၊ နောက်ပြီးတော့ သံလွင်စစ်သင်္ဘောရေယာဉ်အဖွဲ့တွေ၊ အရာရှိကြီးတွေကော အကုန်လုံးကို ကျေးဇူးတင်ရှိပါတယ်။ နောက်နောင်လည်း ကျွန်မတို့ရဲ့ဒေသကို ယခုလို လာရောက်ဆေးကုသပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ဆုတောင်းမေတ္တာပို့ပါတယ်။ နောက်ပြီးတော့ ဒီဒေသရဲ့ကိုယ်စား အလွန်ပဲဝမ်းသာလို့ ဒီထက်မက စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ရှိပါစေလို့ ကျွန်မက ဆုတောင်းမေတ္တာပြုပါတယ်ရှင်။"



ဒေသခံပြည်သူ။



ကျောက်ဖြူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ။

**သတင်းစဉ်**

---

## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသား ဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဘူးသီးတောင်မြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများမှ ပြည်သူများနှင့် တွေ့ဆုံ

စစ်တွေ မတ် ၁၂

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မတ် ၁၁ ရက်က ဘူးသီးတောင်မြို့ပေါ်ရှိ ယာယီခိုလှုံရာစခန်းများမှ ပြည်သူများနှင့်တွေ့ဆုံသည်။**




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ မြတောင်ဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသည့် ပြည်သူများအား သွားရောက်တွေ့ဆုံပြီး မူရင်းနေထိုင်ရာ ကျေးရွာများတွင် မိမိတို့ဆန္ဒအလျောက် ပြန်လည်အခြေချ နေထိုင်နိုင်ရေး၊ ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သော ထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် ထောက်ပံ့ကူညီမှုများ ပေးနိုင်ရေး၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းများ ဖော်ဆောင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တို့ကို ဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးသည်။ အလားတူပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ လမ်းမဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသည့် ပြည်သူများနှင့် တွေ့ဆုံပြီး မိမိတို့ဆန္ဒအလျောက် မူရင်းနေထိုင်ရာ ကျေးရွာများတွင် ပြန်လည်အခြေချ နေထိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့အပြင် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့ကို အလေးထား ဆောင်ရွက်နေပါကြောင်း၊ အလားတူ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးရေးကို လုပ်ဆောင်သကဲ့သို့ တဖက်တွင်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်ဆောင်လျက်ရှိပါကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် ရေခံမြေခံကောင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး အားကောင်းသော မြို့နယ်တစ်ခု ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့် မိမိတို့မိရိုးဖလာ လုပ်ကိုင်နေသည့် စိုက်ပျိုးမွေးမြူနည်းများထက် ပေါင်းစည်းလယ်ယာစနစ်၊ သမဝါယမပေါင်းစည်းလယ်ယာစနစ်၊ ထိုနည်းတူ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပေါင်းစည်းလုပ်ကိုင်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် နည်းပညာများ၊ အခြားသော ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့မြို့နယ်၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာသစ်၌ တောင်သူငါးဦး၏ လယ် ၁၀ ဧကတွင် မြို့နယ စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါး GW – 11 မျိုးစေ့ထုတ် စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စပါးအပါအဝင် တစ်နှစ် နှစ်သီးမှ သုံးသီးစိုက်ပျိုးနိုင်ရန် ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သက်တမ်းတို စပါးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရန် လိုအပ်

နေပြည်တော် မတ် ၁၂

စပါးအပါအဝင် တစ်နှစ် နှစ်သီးမှ သုံးသီးစိုက်ပျိုးနိုင်ရန် ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သက်တမ်းတို စပါး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရန် လိုအပ်ကြောင်း၊ မျိုးစေ့ဖူလုံစွာ အသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုကြောင်း၊ မျိုးစေ့ထုတ်တောင်သူများအတွက် လိုအပ်သည့် နည်းပညာနှင့်အကူအညီများကို မိမိတို့ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ မျိုးစေ့ထုတ် အကျိုးဆောင် တောင်သူအဖြစ်သာမက မျိုးစေ့ထုတ်လုပ်ငန်းရှင်များအဖြစ် ပြောင်းလဲတိုးတက်အောင်မြင်လာစေရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ယမန့်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စုရှိ နွေစပါး ဧက (၁၀၀) စံပြကွက် ၌ တောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ဆွေးနွေးပြောကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဲကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ၏ ပွဲပြည့်မျိုးသန့်ခြံကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့အသုံးပြုမှု လွှမ်းခြုံနိုင်ရေးအတွက် ဌာန၊ ပုဂ္ဂလိက တောင်သူပူးပေါင်း၍ ဘဏ္ဍာနှစ်အလိုက် မျိုးသန့်မျိုးပွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံဌာနခွဲ၊ ဒေသသုတေသနဇုဟိုဌာန (လက်ပံတန်း) ခြံ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တောင်သူများကိုယ်တိုင် စိုက်ပျိုးရေးနည်းပညာများနှင့် အကျွမ်းတဝင်ဖြစ်လာနိုင်မည်ဖြစ်၍ နည်းပညာပြန့်ပွားရေးအတွက် အရေးပါသော အကျိုးဆောင်တောင်သူများ တိုးပွားရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ဆန်စပါးသုတေသနဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ မောင်းခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံ ပြည်သူ စုစုပေါင်း ၃၅၀ ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိရပ်ကွက်ရှိ မဏိရတနာရာမ မြတောင်ကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၂၃ ဦးတို့ကို လည်းကောင်း မတ် ၁၁ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေး အဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၂

ထူးခြားသည့် နေ့အပူချိန်များမှာ တောင်တွင်းကြီးမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့၊ လေးထပ်ပြင် (ပြည်မြို့နယ်)၊ ဘော်လခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၆၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ် ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၆၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဥတုရာသီ တောကိုမှီ၏

## ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် Kitasato University International Exchange Program 2023 သို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသူ သုံးဦး တက်ရောက်မည်

**နေပြည်တော် မတ် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးထားသော ဂျပန်နိုင်ငံ Kitasato University မှ နှစ်စဉ်ကျင်းပသည့် International Student Exchange Program အရ ၂၀၂၃ ပညာသင်နှစ်တွင် မတ် ၁၃ ရက်မှ ၁၈ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် Kitasato University International Exchange Program 2023 including the cross-cultural interdisciplinary case study သို့ တက်ရောက်ရန် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်မှ စတုတ္ထနှစ်



ဘွဲ့ကြိုကျောင်းသူ သုံးဦးသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ International Student Exchange Program သည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်နှင့် Kitasato University School of Allied Health Sciences တို့အကြား ကျောင်းသားကျောင်းသူများ အပြန်အလှန် စေလွှတ်လေ့လာခြင်းဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်မှုများနှင့် နိုင်ငံတကာ အတွေ့အကြုံဗဟုသုတကောင်းများ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စဉ့်ကူးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**စဉ့်ကူး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့်



ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက စဉ့်ကူးမြို့ မြို့မရဲစခန်းတွင် ပြုလုပ်သည်။

စဉ့်ကူးမြို့နယ်တွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရေးအတွက် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နီချစ် ၏ ဦးဆောင်မှုဖြင့် စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော်နှင့် တပ်ဖွဲ့ဝင်များကပူးပေါင်း၍ စဉ့်ကူးမြို့ မြို့မရဲစခန်းတွင်မီးဘေးအန္တရာယ် ဖြစ်ပွားပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးဘေးအန္တရာယ် ဖြစ်ပွားပြီးပါက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများအား အသိပညာ ပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်မီးငြိမ်းသတ်နိုင်စေရန် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကာ မြို့မ ရဲစခန်းမှ အရာရှိ၊ အခြားအဆင့်၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လက်တွေ့လုပ်ဆောင်စေခြင်းများ ဆောင်ရွက်သည်။ (ဝဲပုံ)

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ် ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်း ဆောင်ရွက်ရာသို့ စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နီချစ်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်စိန်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော်နှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ သံဃာတော် ၁၆၈ ပါးနှင့် ဒေသခံပြည်သူ ၂၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

*(ယမန်နေ့မှအဆက်)*

( င ) အကြမ်းဖက်မှုကျူးလွန်သူများ၊ အားပေးကူညီသူများ၊ ပါဝင်ပတ်သက်သူများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား သက်သေခံငွေကြေးနှင့် ပစ္စည်းများနှင့်အတူ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရေးအတွက် စိစစ်ကြီးကြပ်ဆောင်ရွက်ရမည်။

၇၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ညှိနှိုင်းပြီး-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်ထားသည့် တားမြစ်ချက်နှင့် ထိန်းချုပ်မိန့်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြပ်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ ပြုရမည်။

( ခ ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်း၊ သက်ဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုခြင်းအတွက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားပြီး ဆောင်ရွက်ရမည်။

( ဂ ) နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီရင်ခံစာအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကိုလည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကိုလည်းကောင်း အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် တရားစွဲတင်ခြင်းများ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်တာဝန်ပေးသည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

( င ) စုံစမ်းဖော်ထုတ်ပြီး သိမ်းဆည်းသည့် ငွေကြေးနှင့် သက်သေခံပစ္စည်းများအနက် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းများအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာတရားရုံးသို့ လိုအပ်သော မှတ်တမ်းဓာတ်ပုံများနှင့်အတူ စာဖြင့်အစီရင်ခံတင်ပြပြီး တရားရုံး၏ စီမံခန့်ခွဲမှုအမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

( စ ) အကြမ်းဖက်မှုကျူးလွန်ရန် ထောက်ပံ့သောအဖွဲ့အစည်းများကိုလည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသုံးပြုသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသူများကိုလည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်စေဘဲ စုံစမ်းစစ်ဆေးမေးမြန်းနိုင်သည်။

(ဆ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကို သက်ဆိုင်ရာတရားရုံး၏ စီမံခန့်ခွဲမှုနှင့်အညီ လွှဲပြောင်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့အား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( ဇ ) နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဖြစ်စဉ်ကို ချက်ချင်းတင်ပြပြီး ဆောင်ရွက်ရမည်။

၇၇။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကဖြစ်စေ တာဝန်ပေးအပ်သည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည်လည်းကောင်း အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ကျေပွန်စွာတာဝန်ထမ်းဆောင်ရာတွင် အသက်အန္တရာယ်ကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ ထိခိုက်နိုင်သည့် စိုးရိမ်ဖွယ်ရာ အခြေအနေကျရောက်ပါက မိမိကိုယ်ကိုကာကွယ်ခုခံပိုင်ခွင့်နှင့် သူတစ်ပါးအား ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

၇၈။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် အကြမ်းဖက်သမားအား ဖမ်းဆီးပြီး စုံစမ်းစစ်ဆေးဆဲကာလအတွင်း ချုပ်မိန့်တောင်းခံရာတွင် လုံခြုံရေးအရ အခက်အခဲရှိပါက ချုပ်မိန့်ယူရေးအတွက် တရားခံအား Video Conferencing ဖြင့် ချုပ်မိန့်ပေးရန် သက်ဆိုင်ရာ ဥပဒေအရာရှိ၊ တရားသူကြီးထံ နည်းလမ်းတကျတင်ပြ၍ ချုပ်မိန့်တောင်းခံနိုင်သည် သို့မဟုတ် တရားခံအား ဖမ်းဆီးထားသည့်ဒေသရှိ ဥပဒေအရာရှိ၊ တရားသူကြီးထံ တရားခံနှင့်အတူ နည်းလမ်းတကျ တင်ပြလျှောက်ထားနိုင်သည်။

## အခန်း (၁၄)

## အီလက်ထရောနစ် သတင်းအချက်အလက်ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာအတည်ပြုခြင်း

၇၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်သမားတို့၏ ဆက်သွယ်လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်နိုင်ရန်အလို့ငှာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ဖြစ်စေ ၎င်းတို့၏တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း ပြုနိုင်ရေးအတွက် ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အောက်ပါအချက်များဖော်ပြပြီး စာဖြင့်ဖြစ်စေ၊ ဖက်စ်နှင့် အီးမေးလ်တစ်ခုခုဖြင့်ဖြစ်စေ ဆောလျင်စွာ တင်ပြရမည် –

(က) တင်ပြသူ၏ အမည်၊ ရာထူး၊ အဆင့်နှင့် တပ်ဖွဲ့၊ ဌာန၊

( ခ ) သတင်းအချက်အလက် ဆက်သွယ်ပြောကြားသည့် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအမည် (သိလျှင်)၊

( ဂ ) ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်တော့မည့်အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်မှာ နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်၊

(ဃ) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

( င ) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် နေရာဒေသ (သိရှိလျှင်)၊

( စ ) ပြုလုပ်လိုသည့် အချိန်ကာလ။

၈၀။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၇၉ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုလိုပါက သဘောတူညီချက်ရရှိရန် ဗဟိုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

( ခ ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၇၉ တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး သဘောတူညီချက်ပေးခြင်း သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်း ပြုနိုင်သည်။

( ဂ ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ (ခ) အရ ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိပါက သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အား သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူထံမှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်း ပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၈၁။ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၈၂။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် –

(က) ကြားဖြတ်ဖမ်းယူရရှိသည့် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ မှတ်တမ်းပြုစုပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြရမည်။

( ခ ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးသဖြင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းအတွက် အချိန်ကာလ တိုးမြှင့်ပေးရေးအတွက် ဗဟိုအဖွဲ့၏သဘောတူညီချက်ရရှိရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

၈၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည်–

(က) နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အချိန်ကာလတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ) အရ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းနှင့်စပ်လျဉ်း၍ မိမိလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ပြန်လည်သုံးသပ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့၏ တင်ပြအစီရင်ခံချက်အရဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ဟု ယူဆလျှင် ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

၈၄။ ကြားဖြတ်ဖမ်းယူခြင်းပြုသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်များကို အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် စုံစမ်းထောက်လှမ်းသည့်အမှုတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုတွင်ဖြစ်စေ အသုံးပြုနိုင်ပြီး စစ်ဆေးစီရင်မှုတွင် သက်သေခံဥပဒေနှင့်အညီ သက်သေခံအဖြစ် တင်ပြနိုင်သည်။

၈၅။ မည်သူမျှ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း မပြုရ။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

## အခန်း (၁၅)
## အကြမ်းဖက်သမားတရားခံအားလွှဲပြောင်းပေးခြင်း

၈၆။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ပါ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ (Protocols) နှင့် အာဆီယံကွန်ဗင်းရှင်းတို့အရ တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် မှတ်ယူ၍ဆောင်ရွက်ရမည်။

၈၇။ တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် မှတ်ယူ၍ဆောင်ရွက်ရမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ် (Protocols) များနှင့် အာဆီယံကွန်ဗင်းရှင်းတို့ကို အထောက်အထားပြု၍လည်းကောင်း၊ တရားခံလွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်ကို အထောက်အထားပြု၍လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီတို့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမားနိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေနှင့် အခြားစည်းကမ်းချက်များကိုလည်းကောင်း အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၈၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက အောက်ပါအချက်များဖော်ပြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ တင်ပြရမည် –

(က) အကြမ်းဖက်မှု ဖြစ်စဉ်အကျဉ်းချုပ်၊
(ခ) လွှဲပြောင်းပေးစေလိုသည့် အကြမ်းဖက်သမားတရားခံနှင့် အကြမ်းဖက်အုပ်စု အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ (သိရှိလျှင်)၊
(ဂ) အရေးယူထားသည့် ဥပဒေပုဒ်မနှင့် ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊
(ဃ) အကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များ၊
(င) ရရှိသောသတင်းအချက်အလက်နှင့် အထောက်အထားများ၊
(စ) ပထမသတင်းပေးတိုင်တန်းချက်အကျဉ်းနှင့် အရေးယူထားသည့်ဥပဒေနှင့် ပုဒ်မ၊
(ဆ) စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆေးစီရင်မှုအခြေအနေ၊
(ဇ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးစေလိုသည့် ကိစ္စ၊
(ဈ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)၊
(ည) တရားခံလွှဲပြောင်းရယူပြီး ဆက်လက်၍စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ။

၉၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် နည်းဥပဒေ ၈၉ အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက နည်းဥပဒေ ၈၉ ပါ အချက်အလက်များဖော်ပြ၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ အကြောင်းကြားရမည်။

၉၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း ကော်မတီသည် နည်းဥပဒေ ၉၀ အရ အကြောင်းကြားလာသည့်အခါ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့လွှဲပြောင်းပေးရေးအတွက် ပြည်ပနိုင်ငံသို့ သံတမန်လမ်းကြောင်းအရ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ရန် **"အကြမ်းဖက်တရားခံအား လွှဲပြောင်းပေးရန်၊ တရားခံအားရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း"** ပုံစံ (ဃ) ကို **"တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမား၏ အကြောင်းအရာအတ္ထုပ္ပတ္တိများ"** ပုံစံ (င) ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၉၂။ (က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား နိုင်ငံတော်သို့ လွှဲပြောင်းပေးမည်ဟု ပြည်ပနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့၏တာဝန်ပေးအပ်ချက်အရ လွှဲပြောင်းပေးသော ပြည်ပနိုင်ငံနှင့် ဆက်သွယ်၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၉၃။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူအကြမ်းဖက်သမားအား လက်ခံရရှိပါက တောင်းဆိုသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ လုံလောက်သောအစောင့်အရှောက်ဖြင့် လွှဲပြောင်းပေးရမည်။
(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား တောင်းဆိုသည့်အတိုင်း လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရန် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသော သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ လွှဲအပ်ရမည်။

၉၄။ နိုင်ငံတော်ရှိ အကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေ အခန်း(၄)နှင့် (၅) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉၅။ နိုင်ငံတော်ရှိ အကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန်တောင်းဆိုချက်ကို တရားခံလွှဲပြောင်းရေးဥပဒေပုဒ်မ ၁၂ အရဖြစ်စေ၊ ပုဒ်မ ၂၄ အရ ဖြစ်စေ ငြင်းပယ်သည့်အခါ ထိုအကြမ်းဖက်သမားတရားခံကို ၎င်းကျူးလွန်သည့် အကြမ်းဖက်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တရားစွဲဆိုရေးအတွက် ဗဟိုအဖွဲ့သည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရမည်။

## အခန်း (၁၆)
## သက်သေအား အကာအကွယ်ပေးခြင်း

၉၆။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များချမှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကို တာဝန်ပေးအပ်ရမည်။

၉၇။ သက်သေသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိစေရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသို့ တောင်းဆိုပိုင်ခွင့်ရှိသည် –

(က) မိမိနှင့် မိမိ၏မိသားစုဝင်များ၊ မိမိတို့ပိုင်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံခွင့်နှင့် အထောက်အကူရခွင့်၊
(ခ) လုံခြုံရေးအတွက် အကာအကွယ်ရပိုင်ခွင့်၊
(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသတင်းပေးခွင့်၊
(ဃ) လိုအပ်ပါက ဘာသာပြန်ဆိုသူ ရရှိခွင့်၊
(င) အမှုစုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးက အမှုစစ်ဆေးစီရင်ခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ခွင့်၊
(စ) နေရပ်လိပ်စာအသစ်တွင် သွားရောက်နေထိုင်ခွင့်၊ ခရီးစရိတ်ကင်းလွတ်ခွင့်၊ ထိုသို့နေထိုင်ရာတွင် ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်နှင့် ထိုက်သင့်သည့် အထောက်အပံ့ရခွင့်၊
(ဆ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်နှင့် အထောက်အကူ ရရှိခွင့်၊
(ဇ) တရားခွင်တွင် တရားခံများနှင့် မျက်နှာချင်းမဆိုင်ဘဲ ဗီဒီယိုဆက်သွယ်ရေးစနစ် (Video Conferencing) ဖြင့် အစစ်ခံခြင်း ပြုလုပ်ပေးရန် တောင်းဆိုခွင့်။

## အခန်း (၁၇)
## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၉၈။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့အား လမ်းညွှန်ခြင်းပြုရမည်။

၉၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊
(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအားအသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမပြုနိုင်အောင် တားဆီးကာကွယ်ခြင်း၊
(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို တားဆီးကာကွယ်ခြင်း၊
(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊
(င) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊
(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာနထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဇ) အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့အတွက် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့က စာချုပ်ဝင်ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံရေး သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီရယူရေးတို့အတွက် ဗဟိုအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

၁၀၁။ ဗဟိုအဖွဲ့သည် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (ဆ) နှင့်(ဇ)ပါ လုပ်ငန်းတာဝန်များအား ဆောင်ရွက်နိုင်ရန်အလို့ငှာ အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံများအချင်းချင်းဆိုင်ရာ စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ခြွင်းချက်ထားခြင်းနှင့် စာချုပ်မှနုတ်ထွက်ခြင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော အကြမ်းဖက်မှုများအား ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများဆောင်ရွက်ရန် နိုင်ငံတော်သမ္မတထံသို့ ဆောင်ရွက်ခွင့်ပြုရေး တင်ပြရမည်။

၁၀၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ –

(က) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက်များပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ပြုလုပ်ရာ၌ သံတမန်နည်းလမ်းအပါအဝင် ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်မှန်ကန်သည့် နည်းလမ်းများကို အသုံးပြုနိုင်သည်။

(ခ) အကြမ်းဖက်သမားများအား မိမိနိုင်ငံတော်ကိုအသုံးချ၍ အကြမ်းဖက်မှုကျူးလွန်ခြင်းမှ တားဆီးကာကွယ်ရေးအတွက် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ ချက်ချင်းအကြောင်းကြား ပေးပို့ခြင်း၊ ရယူခြင်းပြုနိုင်ရန် လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operating Procedures–SOP) ကြိုတင်ရေးဆွဲထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးပို့ထားရမည်။

(ဂ) ချက်ချင်းဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်ပါက ဆုံးဖြတ်ချက်ပေးနိုင်သော တာဝန်ရှိပုဂ္ဂိုလ်က ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် အမည်စာရင်း၊ ရာထူး၊ ဌာန၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း အမှတ်၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာတို့ကို ရယူစာရင်းပြုစုရေးအတွက် စီစဉ်ဆောင်ရွက်ထားရမည်။

(ဃ) ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စာချုပ်ဝင်နိုင်ငံများ၏ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်နှင့် အတွေ့အကြုံများကို ရယူလျက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲသုံးသပ်၍ ချမှတ်ဆောင်ရွက်ရမည်။

(င) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် လုံခြုံရေးကိုလည်းကောင်း၊ နိုင်ငံတော်တွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသော သံတမန်များ၊ သံတမန်အမှုထမ်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သံတမန်ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများရရှိရေးအတွက်လည်းကောင်း နိုင်ငံတကာ ကောင်းမွန်သော အတွေ့အကြုံများကိုရယူ၍ ဆောင်ရွက်ရမည်။

(စ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ အကြမ်းဖက်မှုများ တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး ဗဟိုဌာနဖွင့်လှစ်၍ အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဆက်သွယ်ပေးပို့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) အကြမ်းဖက်သမားများ အသုံးပြုသည့် ခေတ်မီလက်နက်ပစ္စည်းကိရိယာများနှင့် နည်းပညာများကို စုံစမ်းဖော်ထုတ်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) အကြမ်းဖက်သမားများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် စွမ်းရည်နှင့် နည်းပညာများ ခေတ်မီစေရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီတို့သည်–

(က) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များနှင့် ကြေညာချက်များအပေါ် ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြေညာခြင်းနှင့် ဖြန့်ဝေခြင်းတို့ ပြုရမည့်အပြင် ဝဘ်ဆိုဒ် (Website) ဖြင့်လည်း ထုတ်ပြန်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များ (Weapons of Mass Destruction –WMD) ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကိုလည်းကောင်း ပြုရမည်။ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို လည်းကောင်း ပြုရမည်။

၁၀၄။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို သံတမန်လမ်းကြောင်းမှလည်းကောင်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ် စသည့် အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအားအသုံးပြု၍ အခြားနိုင်ငံနှင့်နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမရှိစေရန် တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ထိုသို့ ကျူးလွန်ခြင်းများကို ချေမှုန်းတိုက်ဖျက်ခြင်း၊

(ဂ) အကြမ်းဖက်သမားများက ပြည်ပနိုင်ငံတစ်ခုခုကို ခြေကုပ်ယူ၍ နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်မှုများအား ဖော်ထုတ်အရေးယူရေးအတွက် အမာခံသတင်းပေးများ လေ့ကျင့်မွေးမြူ၍ သတင်းလက်ဦးမှုရယူပြီး တားဆီးကာကွယ်ခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းအား အမြဲစုံစမ်းထောက်လှမ်းပြီး တားဆီးကာကွယ်ခြင်း၊

(ဃ) အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးခြင်းနှင့် ထိုသို့ လှုပ်ရှားသွားလာမှုမရှိစေရန် အိမ်နီးချင်းနိုင်ငံများမှ အာဏာပိုင်အဖွဲ့နှင့်ဆက်သွယ်၍ နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ မိမိတို့၏လှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့်ဗဟိုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

## အခန်း (၁၈)
## အကြမ်းဖက်သမားများအား အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်း

၁၀၅။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်–

(က) နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်သည့် နိုင်ငံခြားသားအကြမ်းဖက်သမားအား အကြမ်းဖက်မှုဖြင့် မည်သည့်နေရာဒေသတွင် မည်သည့်နေ့ရက်က ဖမ်းဆီးချုပ်နှောင်ထားကြောင်း ၎င်း၏နိုင်ငံသားအဖြစ်ခံယူထားသည့်နိုင်ငံ၏ အနီးဆုံးသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အကြောင်းကြားနိုင်ရန် အဆိုပါအကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များကိုဖော်ပြ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းတင်ပြရမည်။

(ခ) အကြမ်းဖက်မှုများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာပြုမူဆက်ဆံရမည့်အပြင် ၎င်းတို့ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို မထိခိုက်စေဘဲ ဆောင်ရွက်ရမည်။

၁၀၆။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်ပြစ်မှုဖြင့် အရေးယူခြင်းခံရသူသည် ၎င်း၏အကျိုးဆောင်ရှေ့နေနှင့်တွေ့ဆုံခွင့်၊ ဥပဒေအကြံဉာဏ်နှင့် ဥပဒေအထောက်အကူရရှိခွင့်၊ ဥပဒေအရခုခံချေပခွင့်နှင့် အယူခံခွင့်တို့ ရှိစေရမည်။

၁၀၇။ အကျဉ်းထောင်တာဝန်ခံနှင့် အကျဉ်းထောင်ဝန်ထမ်းများသည်–

(က) အကြမ်းဖက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အကြမ်းဖက်သမား တရားခံအား အကျဉ်းထောင်တွင် ထိန်းသိမ်းထားသည့်အခါ အကြမ်းဖက်မှုကို ထပ်မံမကျူးလွန်စေရေး အဓိကရည်ရွယ်လျက် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လူကောင်းသူကောင်းဖြစ်လာစေရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးသောအခါ ကောင်းမွန်သော အသက်မွေးမှုပညာများ သင်ကြားတတ်မြောက်စေရေးကို အဓိကရည်ရွယ်၍ ဆက်ဆံဆောင်ရွက်ရမည်။

(ခ) အကျဉ်းကျအကြမ်းဖက်သမားတရားခံအား အခြားအကျဉ်းသားများနည်းတူ တည်ဆဲအကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများနှင့်အညီ ပြုမူဆက်ဆံရမည်။

## အခန်း (၁၉)
## အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ

၁၀၈။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ–

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃ ပါ ရငွေနှင့် ပစ္စည်းများဖြင့် ထူထောင်ထားရှိသော အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စာရင်းပြုစုခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) ပါ တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

(ဂ) ရန်ပုံငွေကို တရားဝင်တိုးပွားစေရန် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(ဃ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ (ဂ) ပါ ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းငွေများအနက် နိုင်ငံခြားငွေရရှိပါက နိုင်ငံတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ဘဏ်တွင် သီးခြားနိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်လှစ်၍ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၁၀၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)အရ ဗဟိုအဖွဲ့သို့ပေးသွင်းရမည့် ရန်ပုံငွေကို ယင်းတို့၏ ဘဏ္ဍာငွေခွဲဝေမှု၌ ထည့်သွင်းပြီး ဗဟိုအဖွဲ့၏ ရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၁၀။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၄ ပါ ကုန်ကျစရိတ်များကို ကျခံသုံးစွဲခွင့်ပြုရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များက ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ကျခံသုံးစွဲရန် တောင်းခံလာသည့်အခါ စိစစ်ပြီးဗဟိုအဖွဲ့၏ခွင့်ပြုချက်ဖြင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေမှ အသုံးစရိတ်များ ထုတ်ပေးနိုင်သည်။

၁၁၁။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းများပြုစုခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ရမည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၁၁၂။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပစေတနာရှင်များက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် လှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းများသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို လှူဒါန်းထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် စေတနာရှင်များက ပွင့်လင်းမြင်သာစွာသိရှိစေရန် နှစ်စဉ် ထုတ်ပြန်ကြေညာပေးရမည်။

## အခန်း (၂၀)
## အထွေထွေ

၁၁၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ကျူးလွန်သော ပြစ်မှုများကို အရေးကြီးသော အမှုများအဖြစ် မှတ်ယူရမည်။

၁၁၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့ကလွှဲအပ်ပေးထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၁၅။ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးကိစ္စ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံရေးပြစ်မှုဟု မှတ်ယူခြင်းမပြုရ။

၁၁၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုကျူးလွန်ခံရခြင်းကြောင့် ဘေးဒုက္ခရောက်နေသူများအား စားနပ်ရိက္ခာထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဗဟိုအဖွဲ့နှင့်ညှိနှိုင်းပြီး ဆောင်ရွက်ရမည်။

၁၁၇။ အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကို တရားရုံးသို့စွဲဆိုတင်ပို့ခြင်းမပြုနိုင်သည့်ကိစ္စတွင် –

(က) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် ဆက်စပ်သဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ ထိုငွေကြေးနှင့် ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားသည့် အခြားသူတစ်ဦးဦးသည် အဆိုပါသက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြန်လည်ထုတ်ပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားနိုင်သည်။

( ခ ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ(က) အရ လျှောက်ထားမှုကိုစိစစ်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လျှောက်ထားသူက ထိုငွေကြေးနှင့် ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့်အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားကြောင်း သက်သေထင်ရှားပြနိုင်ပါက ထိုသူအား သိမ်းဆည်းထားသော အဆိုပါ ငွေကြေးနှင့်ပစ္စည်းများကို ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ရမည်။

၁၁၈။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများနှင့် အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းခြင်းပြုရာတွင် ပါဝင်သည့် တရားဥပဒေစိုးမိုးရေးအရာထမ်း၊ အမှုထမ်းများ၏ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးခြင်းတို့အပြင် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့မှုများကို ဖော်ထုတ်၍ ထိရောက်စွာ တားဆီးနှိမ်နင်းခြင်းတို့ပြုရာတွင် ပါဝင်သော အောက်ပါပြည်သူနှင့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေမှ ယင်းတို့၏ လုံခြုံရေးကို မထိခိုက်စေရန် လျှို့ဝှက်စွာဂုဏ်ပြုဆုငွေများ ချီးမြှင့်နိုင်သည်–

(က) အကြမ်းဖက်မှုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း သတင်းပေးသူ၊

( ခ ) လျှို့ဝှက်အမာခံသတင်းပေးသူ၊

( ဂ ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်းနိုင်ရန်နှင့် အကြမ်းဖက်သမားအား ဖမ်းဆီးရမိနိုင်ရန် ထူးချွန်ပြောင်မြောက်စွာ စုံစမ်းထောက်လှမ်းသူနှင့် ရှာဖွေဖမ်းဆီးသူများ၊

(ဃ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုကို စွမ်းစွမ်းတမံ တားဆီးကာကွယ်သည့် သို့မဟုတ် တားဆီးနှိမ်နင်းသည့် အဖွဲ့ဝင်များ။

၁၁၉။ တပ်မတော်က စစ်ဆင်ရေးတာဝန် ဆောင်ရွက်နေစဉ်ဖြစ်စေ၊ လုံခြုံရေးအဖွဲ့အစည်းများက လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ်ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကဖြစ်စေ အကြမ်းဖက်မှုကို သော်လည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းများ ထောက်ပံ့မှုကိုသော်လည်းကောင်း ကျူးလွန်သူကိုတွေ့ရှိလျှင် သက်ဆိုင်ရာ အဆင့်အမြင့်ဆုံးအရာရှိသည်–

(က) ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်း၊ အထောက်အထား စာရွက်စာတမ်း၊ ငွေကြေး၊ ပစ္စည်း၊ ယာဉ်နှင့် တိရစ္ဆာန်များကို သိမ်းဆည်းခြင်းပြုနိုင်သည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ဖမ်းဆီးခြင်းခံရသူများနှင့် သက်သေခံပစ္စည်းများကို နေ့စဉ် အခြေအနေ အစီရင်ခံစာ (Daily Situation Report) ကောက်နုတ်ချက် မိတ္တူမှန်နှင့်အတူ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အနီးဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျ လွှဲအပ်ရမည်။

၁၂၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်မိန့်တောင်းခံခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများကို ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။ ထိုသို့ သီးခြားပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပုံစံ (က)

### အကြမ်းဖက်သမားတစ်ဦးချင်း (Individuals) အမည်စာရင်းတင်သွင်း ထုတ်ပြန်ကြေညာချက် (နည်းဥပဒေ ၅)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အကြမ်းဖက်သမားတစ်ဦးချင်း (Individuals) အဖြစ် တင်သွင်းရာတွင် အောက်ဖော်ပြပါတိကျခိုင်မာ၍ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်များထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

| အပိုင်း၁ (က)။ ဖော်ထုတ်ရရှိသည့် အဓိကသတင်းအချက်အလက် | |
|---|---|
| **အမည်အပြည့်အစုံ** (ထုတ်ပြန်ကြေညာမည့် စာရင်းအရ အကြမ်းဖက်သမားတစ်ဦးချင်း၏အမည်) | |
| **အမည်အစိတ်အပိုင်း ခွဲခြားဖော်ပြချက်**<br>(အမည်အစိတ်အပိုင်းတစ်ခုစီကို စာတစ်ကြောင်းချင်းစီ သီးခြားရေးပေးရန်) | **အမည်အစိတ်အပိုင်းပုံစံ**<br>(အမည် အစိတ်အပိုင်းအလိုက် ဥပမာ– အမည် အစ စာလုံး၊ ဒုတိယ စာလုံး၊ နောက်ဆုံး စာလုံး၊ မိသားစုအမည်၊ နေထိုင်ရာဒေသ၊ ကိုးကွယ်သည့် ဘာသာ၊ မိဘအမည်၊ အဘိုးအမည်၊ အဘေး/ အဘွား အမည်၊ လူမျိုး သို့မဟုတ် ဂုဏ်ပြုခေါ်ဝေါ်သောအမည်) |
| ၁။ | |
| ၂။ | |
| ၃။ | |
| ၄။ | |
| ၅။ | |
| ၆။ | |
| ၇။ | |
| ၈။ | |
| **မှတ်ချက်။** | |
| **မူရင်းဘာသာ/စာသားအမျိုးအစားဖြင့်ဖော်ပြချက်** | |
| **အခြားစာသားဖြင့် အမည် အပြည့်အစုံ** (မူရင်း စာသား မဟုတ်ဘဲ တရားဝင်စာသားအမှတ်အသားတွင် တွေ့ရှိရသော စာသား၊ အမည်နောက်၌ စကားညှပ်) | |
| **မွေးဖွားခြင်းဆိုင်ရာအချက်အလက်** | နေရာ (လမ်း/ မြို့/ ပြည်နယ်/ တိုင်း / နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ် (နိုင်ငံအလိုက် သတ်မှတ်ချက်) |
| **အခြားမွေးဖွားခြင်းဆိုင်ရာအချက်အလက်**<br>(မူလအမည်နှင့် ဆက်နွှယ်မှုများ ဖော်ပြရန်ဖြစ်ပြီး အမည်အတုဖြင့် ဆက်နွှယ်မှုများ မဟုတ်ပါ) | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ် (နိုင်ငံအလိုက် သတ်မှတ်ချက်) |
| | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ် (နိုင်ငံအလိုက် သတ်မှတ်ချက်) |
| | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ်(နိုင်ငံအလိုက် သတ်မှတ်ချက်) |

*(ဆက်လက်ဖော်ပြပါမည်)*

# နာဆာ၏ စပေ့အိတ်စ် ခရူး-၅ မှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာ

လေ့ခ်စ်အိန်ဂျလိစ် မတ် ၁၂

**စပေ့အိတ်စ်ဒရက်ဂွန်အာကာသယာဉ်ပေါ်ပါ နာဆာ၏ စပေ့အိတ်စ် ခရူး-၅ မှ အာကာသယာဉ်မှူးများသည် မတ် ၁၁ ရက်က အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဖလော်ရီဒါကမ်းလွန်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း နာဆာက ပြောသည်။**



နာဆာအာကာသယာဉ်မှူးများဖြစ်သည့် ဂျိုစ်ကက်စ်ဆာဒါနှင့် နီကိုးမန်း၊ ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ အာကာသယာဉ်မှူး ကိုချီဝါကာတာနှင့် ရုရှားအာကာသယာဉ်မှူး အန်နာကီနီကာတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာ အာကာသယာဉ်မှူးအဖွဲ့ဝင် လေးဦးတို့သည် ဖလော်ရီဒါရှိ တန်ပါကမ်းလွန် မက္ကဆီကို ပင်လယ်ကွေ့သို့ အရှေ့ပိုင်းစံတော်ချိန် ည ၉ နာရီ ၀၂ မိနစ်တွင် လေထီးအကူအညီဖြင့် ဆင်းသက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အာကာသယာဉ်သည် မတ် ၁၁ ရက်က အရှေ့ပိုင်းစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ တွင် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) မှ ခွဲထွက်ကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာခြင်းဖြစ်သည်။ အဆိုပါမစ်ရှင်ကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၅ ရက်က ဖလော်ရီဒါရှိ နာဆာ၏ ကနေဒီအာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကာ နောက်တစ်ရက်အကြာတွင် အိုင်အက်စ်အက်စ်နှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဖလော်ရီဒါကမ်းလွန်တွင် ဘေးကင်းစွာ ဆင်းသက်ပြီးနောက် ဂျပန် အာကာသယာဉ်မှူး ကိုချီဝါကာတာ စပေ့အိတ်စ် ခရူးဒရက်ဂွန် အာကာသယာဉ်မှ ထွက်ခွာလာစဉ်။

# ဧပြီတွင် သန်း ၁၀၀ မြောက် နိုင်ငံသားမွေးဖွားခြင်း အထိမ်းအမှတ်ပြုလုပ်ရန် ဗီယက်နမ် ပြင်ဆင်နေ

**ဟနွိုင်း မတ် ၁၂**

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးအပေါ် အပြုသဘောဆောင်သော လူဦးရေတိုးပွားမှု မြှင့်တင်ရေးလှုပ်ရှားမှုနှင့်အတူ လာမည့်ဧပြီလတွင် သန်း ၁၀၀ မြောက် နိုင်ငံသား မွေးဖွားခြင်း အထိမ်းအမှတ်ပြုလုပ်ရန် ပြင်ဆင်နေကြောင်း ဗီယက်နမ်သတင်းဌာနက မတ် ၁၂ ရက်တွင် ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဧပြီလအထိ ဗီယက်နမ်နိုင်ငံသား ၉၉ ဒသမ ၂ သန်းရှိသည့်အတွက် ကမ္ဘာပေါ်တွင် ၁၅ နိုင်ငံမြောက် လူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှတွင် တတိယမြောက် လူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်ကြောင်း အထွေထွေစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြိုင်ဆိုင်မှု မြင့်တက်လာချိန်တွင် နိုင်ငံတိုင်းက လူသားအရင်းအမြစ်များမှတစ်ဆင့် ပြိုင်ဆိုင်မှု အသာရယူရန် ကြိုးပမ်းနေကြကြောင်း အဆိုပါရုံးက ပြောသည်။

ဗီယက်နမ်အစိုးရ အနေဖြင့် စီတန်းလှည့်လည်ခြင်း၊ သန်း ၁၀၀ မြောက် နိုင်ငံသားမွေးဖွားမှုကို ကြိုဆိုပွဲပြုလုပ်ခြင်း အပါအဝင် ဧပြီလလယ်၌ လူထုလှုပ်ရှားမှုတစ်ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**





၂၀၂၀ ပြည့်နှစ်က ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေသည်ကို တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံ၌ ကလေးငယ်ပေါင်း ၂၁ သန်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုစတင်

**အစ္စလာမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဆင်းဒ်ပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းတို့၌ မတ် ၁၃ ရက်မှ စတင်ကာ အသက် ငါးနှစ်အောက် ကလေးပေါင်း ၂၁ ဒသမ ၅၄ သန်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှု စတင်တော့မည်ဖြစ်သည်ဟု ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ကာကွယ်ဆေး တိုက်ကျွေးပေးသည့်အစီအစဉ်တွင် ကလေးငယ်ပေါင်း ၁၇ သန်းကို ပထမအကြိမ် ကာကွယ်ဆေး တိုက်ကျွေးပေးမည်ဖြစ်သည်ဟု မတ် ၁၂ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဧပြီ ၃ ရက်မှ ၇ ရက်အထိ ဒုတိယအကျော့ ကာကွယ်ဆေးတိုက်ကျွေးမှုကို စတင်မည်ဖြစ်သည်။ ဒုတိယအကျော့ ကာကွယ်ဆေး တိုက်ကျွေးမှုတွင် ဘလိုချစ္စတန်ပြည်နယ်၊ ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်နှင့် အခြားသောဒေသများမှ ကလေးပေါင်း ၄ သန်းကို ကာကွယ်ဆေး တိုက်ကျွေးပေးမည်ဖြစ်သည်။

လူ့အသက်ကို ကယ်တင်နိုင်မည့် ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးမှုကို မပျက်မကွက် ပြုလုပ်ကြရန်လည်း မိဘများအား ပါကစ္စတန် ကျန်းမာရေးဝန်ကြီးက တိုက်တွန်းထားသည်။ ပိုလီယိုအရိုင်းပိုးကို လက်ရှိတွင် တွေ့ရှိနေရသည့်အတွက် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းတွင် ဗိုင်းရပ်စ်ရှိနေသည်ကို တွေ့ရကြောင်းနှင့် ကလေးငယ်များအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ **ဆင်ဟွာ**

## တရုတ်၌ ကယ်ဆယ်ထားသည့် လင်းပိုင်ကို ပင်လယ်ထဲသို့ ပြန်လွှတ်

**ပေကျင်း မတ် ၁၂**

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်၌ မတ် ၁၀ ရက်က သောင်တင်နေသည့် လင်းပိုင်တစ်ကောင်ကို ပင်လယ်ထဲသို့ ပြန်လွှတ်ပေးခဲ့သည်ဟု သိရသည်။ သုံးနာရီကြာကယ်ဆယ်မှုများပြုလုပ်ပြီးနောက် ပြန်လွှတ်ပေးနိုင်ခဲ့သည်ဟု မီးသတ်ဌာနက ပြောသည်။ ချန်ကျင်းလီဒေသတွင် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က ရေတိမ်ပိုင်းတွင် လင်းပိုင်တစ်ကောင် သောင်တင်နေသည်ကို တွေ့ရှိခဲ့ရသည်။ ထို့နောက် ဒေသခံပင်လယ်ရေကြောင်းကယ်ဆယ်ရေးသမားများ ရောက်ရှိလာကာ လင်းပိုင်ကို ကမ်းခြေသို့ ရွှေ့လိုက်ကြောင်း၊ နှစ်မီတာရှည်လျားပြီး ၂၀၀ ကီလိုဂရမ် လေးကြောင်း၊ သေလောက်သည့် ဒဏ်ရာမျိုးမရှိကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။ သုံးနာရီကြာ ကယ်ဆယ်ရေးနှင့် ကုသမှုများပြုလုပ်ပြီးနောက် ပင်လယ်အတွင်းသို့ ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ တိုက်ခိုက်မှုကြောင့် ၁၉ ဦးထက်မနည်း သေဆုံး

**ဘန်နီ မတ် ၁၂**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ညလုံးပေါက် တိုက်ခိုက်မှုကြောင့် ၁၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံသတင်းအရင်းအမြစ်များက မတ် ၁၂ ရက်တွင် ပြောသည်။

ကီဘူပြည်နယ်အရှေ့ပိုင်း ဘန်နီဒေသ၏ ကီရင်ဒီရာကျေးရွာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အရပ်သား ၁၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ကီဘူပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ကာလီဇန်ဇူကာစီဗီတာက ပြောသည်။ အေဒီအက်ဖ်သူပုန်များ၏ တိုက်ခိုက်မှုဖြစ်သည်ဟု မတ် ၁၂ ရက် နံနက်ပိုင်းတွင် ၎င်းကပြောသည်။ ကျန်းမာရေးစင်တာအပါအဝင် ကျေးရွာရှိ အဆောက်အအုံအချို့ကို သူပုန်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ၎င်းက ပြောသည်။

ဘန်နီဒေသရှိ ကျေးရွာနှစ်ခုကိုလည်း အဆိုပါသူပုန်များက ပြီးခဲ့သည့်နှစ်ရက်အတွင်း တိုက်ခိုက်ခဲ့ပြီး လူပေါင်း ၄၄ ဦးထက်မနည်း သေဆုံးသည်ဟု သိရသည်။ ၁၉၉၀ ပြည့်နှစ်များက ယူဂန္ဒာနိုင်ငံတွင် ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်ရာမှ အေဒီအက်ဖ်အဖွဲ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါအဖွဲ့သည် ယူဂန္ဒာတပ်ဖွဲ့ကို ရှုံးနိမ့်ပြီးနောက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းတွင် ဆက်လက်လှုပ်ရှားနေသည်။ ယူဂန္ဒာနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး အဆိုပါသူပုန်များကို နှိမ်နင်းနိုင်ရေး ကြိုးပမ်းနေသည်။ အဆိုပါသူပုန်များမှာ ယခုအခါတွင် ဗဟိုအာဖရိကရှိ အိုင်အက်စ်စစ်သွေးကြွများနှင့် ပေါင်းစည်းနေသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် အေဒီအက်ဖ်သူပုန်များသည် ဘန်နီဒေသတွင် အရပ်သားများကို တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

## ၂၀၂၂ ခုနှစ်အတွင်း ဆော်ဒီအေရမ်ကိုရေနံကုမ္ပဏီ အမြတ်ငွေ ဒေါ်လာ ၁၆၁ ဘီလီယံထိ စံချိန်တင်ရရှိ

**ရီယာ့ဒ် မတ် ၁၂**

ကမ္ဘာ့အကြီးဆုံး ရေနံစိမ်းတင်ပို့သူ ဆော်ဒီအေရမ်ကိုကုမ္ပဏီသည် ယမန်နှစ်က စုစုပေါင်း ဒေါ်လာ ၁၆၁ ဒသမ ၁ ဘီလီယံ စံချိန်တင်အမြတ်ငွေ ရရှိခဲ့ကြောင်း မတ် ၁၂ ရက်က ထုတ်ဖော်ပြောကြားသည်။

အက်ပဲလ်၏ နောက်တွင် ကမ္ဘာ့ဒုတိယ တန်ဖိုးအရှိဆုံး ကုမ္ပဏီဖြစ်သည့် နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီကြီးမှ ဆော်ဒီစတော့ ဈေးကွက်တွင် ၂၀၂၂ ခုနှစ်အတွင်း အသားတင်ဝင်ငွေသည် ၂၀၂၁ ခုနှစ်ထက် ၄၆ ရာခိုင်နှုန်းအထိ တက်လာသည်ဟု ဆိုသည်။



ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့ရှိ အေရမ်ကို ရေနံစက်ရုံတစ်ခုတွင် သိုလှောင်ကန်များကို တွေ့ရစဉ်။

အေရမ်ကိုသည် ၂၀၁၉ ခုနှစ်တွင် စာရင်းဝင်ကုမ္ပဏီတစ်ခု ဖြစ်လာပြီးနောက်ပိုင်း မြင့်မားသော ရေနံစိမ်းဈေးနှုန်းများ၊ ရောင်းရငွေပမာဏနှင့် အကောင်းဆုံးသော သန့်စင်မှုများကြောင့် အကောင်းဆုံး ရလဒ်များဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

အေရမ်ကို ရေနံကုမ္ပဏီ၏ အမြတ်ငွေသည် အဓိကရေနံလုပ်ငန်းကြီးငါးခုဖြစ်သော ရှဲလ်၊ ရှယ်ဗရွန်၊ အိက်ဆွန်မိုဘီလ်၊ ဘီပီနှင့် တိုတယ်စွမ်းအင်ကုမ္ပဏီများ၏ ၂၀၂၂ ခုနှစ်အတွက် စံချိန်တင်အမြတ်ငွေ ဘီလီယံ ၁၅၀ ထက်ပင် ကျော်လွန်ရရှိခဲ့သည်။

**အေအက်ဖ်ပီ**

## ရှန်ကျိုး - ၁၅ အာကာသယာဉ်မှူးများ ဇွန်လတွင် ကမ္ဘာမြေသို့ ပြန်ရောက်မည်

**ပေကျင်း မတ် ၁၂**

တရုတ်နိုင်ငံ၏ ရှန်ကျိုး – ၁၅ အာကာသယာဉ်မှူးများသည် ဇွန်လတွင် ကမ္ဘာမြေသို့ ပြန်ရောက်မည်ဖြစ်ကြောင်း တရုတ်လူ လိုက်ပါအာကာသ အေဂျင်စီ (စီအမ်အက်စ်အေ) က မတ် ၁၂ ရက်တွင် ပြောသည်။

အာကာသစခန်းပူးတွဲခန်းမှာ ပုံမှန်လည်ပတ်လျက်ရှိကြောင်းနှင့် ရှန်ကျိုး –၁၅ အာကာသယာဉ်မှူးများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း စီအမ်အက်စ်အေက ပြောသည်။ တရုတ်နိုင်ငံသည် ကုန်တင်အာကာသယာဉ် ထျန်ကျိုး – ၆၊ လူလိုက်ပါ အာကာသယာဉ် ရှန်ကျိုး –၁၆၊ ရှန်ကျိုး –၁၇ အပါအဝင် အာကာသစခန်း အသုံးချမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ယခုနှစ်တွင် အာကာသမစ်ရှင်သုံးခုကို လွှတ်တင်သွားဖွယ်ရှိကြောင်း သိရသည်။

ထျန်ကျိုး – ၆ ကို ဟိုင်နန်ပြည်နယ် တောင်ပိုင်းရှိ ဝန်ချန်းအာကာသလွှတ်တင်ရေးနေရာသို့ ပို့ဆောင်ထားပြီး မေလတွင် လွှတ်တင်သွားဖွယ်ရှိကြောင်းနှင့် လူလိုက်ပါနိုင်သော မစ်ရှင်နှစ်ခုအတွက် အမှုထမ်းများကို ရွေးချယ်ထားပြီး လက်ရှိတွင် လေ့ကျင့်ဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ကိုဗစ် - ၁၉ စည်းကမ်းများ ဖြေလျှော့ပေးထားသော်လည်း လေးဦးလျှင် တစ်ဦးမှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ဆဲဖြစ်

**တိုကျို မတ် ၁၂**

ဂျပန်နိုင်ငံ၌ မတ် ၆ ရက်မှစတင်ကာ ကိုဗစ် – ၁၉ စည်းကမ်းများကို ဖြေလျှော့ပေးထားသော်လည်း စစ်တမ်း ကောက်ယူမှုများအရ လူလေးဦးလျှင် တစ်ဦးမှာ လူမှုအခမ်းအနားများသို့ သွားသည့်အခါ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ဆဲဖြစ်သည်ဟု သိရသည်။

၂၀၂၀ ပြည့်နှစ် ကိုဗစ် –၁၉ စတင်ကူးစက်သည့် အချိန်မှစတင်ကာ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းမှာ ဂျပန်နိုင်ငံ၌ တရားဝင် လိုအပ်ချက်တစ်ခု မဟုတ်သော်လည်း ဂျပန်ပြည်သူများအကြားတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းမှာ အလေ့အထတစ်ခုဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင်လည်း ဂျပန်အစိုးရသည် အဆောက်အအုံအတွင်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရန် အစိုးရက အကြံပြုထားသည်။ သို့သော်လည်း အဆောက်အအုံပြင်ပတွင်မူ ယင်းသို့ပြုလုပ်ရန် အကြံပြုထားခြင်း မရှိချေ။

ဖေဖော်ဝါရီလအတွင်း ကောက်ယူထားသည့် အွန်လိုင်းစစ်တမ်းအရ ကုမ္ပဏီပေါင်း ၅၆၁ ခုမှ အသက် ၂၀ မှ ၅၀ ဝန်းကျင် လူပေါင်း ၂၇ ဒသမ ၈ ရာခိုင်နှုန်းမှာ ပါးစပ်နှာခေါင်းစည်း ဆက်လက်တပ်ဆင်လိုကြသည်ဟု ဖြေကြားကြသည်။

၆၆ ရာခိုင်နှုန်းမှာမူ အခြေအနေပေါ်မူတည်၍ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း ရှိမရှိကို ပြုလုပ်လိုသည်ဟု ဖြေကြားကြသည်။

အစိုးရ၏ လမ်းညွှန်ပေးချက်များအရ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ကြီးစောင့်ရှောက်ရေး ဂေဟာများတွင်မူ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် အကြံပြုထားဆဲ ဖြစ်သည်။ ထို့ပြင်လူထူထပ်သည့် ရထားများနှင့် ဘတ်စ်ကားများ စီးနင်းရာတွင်လည်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရန် အကြံပြုထားသည်။

**ကျိုဒိုနယူးစ်**



လူစုလူဝေးအခမ်းအနားတစ်ခုတွင် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ထားကြသည့် ပြည်သူများကို မတ် ၁၁ ရက်က တွေ့ရစဉ်။

## တူကီယဲနိုင်ငံ၌ ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါသည့် လှေတစ်စင်းနစ်မြုပ်သဖြင့် ငါးဦးထက်မနည်းသေဆုံး

**အန်ကာရာ မတ် ၁၂**

တူကီယဲနိုင်ငံ(ယခင်တူရကီ) အနောက်တောင်ဘက်ကမ်းခြေတွင် မတ် ၁၁ ရက်က ရော်ဘာလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ရွှေ့ပြောင်းနေထိုင်သူ ငါးဦးထက်မနည်း သေဆုံးကြောင်း သည်ဒေလီဟာရီယက်သတင်းမှ ဖော်ပြထားသည်။

ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၂၀ တွင် လှေတစ်စင်း နစ်မြုပ်သည်ကိုသိရှိပြီးနောက် တူကီယဲကမ်းခြေစောင့်တပ်သည် အေဒင်ပြည်နယ် ဒီဒင်ခရိုင် ကမ်းရိုးတန်းသို့ ရောက်ရှိလာကြောင်း သိရသည်။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကလေးတစ်ဦးအပါအဝင် လူ ၁၁ ဦးကို ကယ်ဆယ်ခဲ့ပြီး ပျောက်ဆုံးနေသည့် ရွှေ့ပြောင်းနေထိုင်သူများကို ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပဏာမ တွေ့ရှိဖော်ပြချက်များအရ အာဖရိကနိုင်ငံသားများဖြစ်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ဂရိကျွန်းသို့မသွားမီ လူကုန်ကူးသူများက ဒီဒင်မြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း သည်ဟာရီယက်က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## ဂျပန်အာကာသယာဉ်မှူး ဝါကာတာ နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ရောက်ရှိ

**တိုကျို မတ် ၁၂**

ဂျပန် အာကာသယာဉ်မှူး ဝါကာတာ ကိုအီချီသည် လေယာဉ်အမှုထမ်းသုံးဦး ပါဝင်သည့် ၎င်းတို့၏ အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်သို့ ဂျပန်စံတော်ချိန် မတ် ၁၂ ရက် နံနက် ၁၁ နာရီခန့်က ပြန်လည်ရောက်ရှိခဲ့သည်။

၎င်းသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ကတည်းက နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ပြီး ငါးလကြာကာလအတွင်း ၎င်း၏ ပထမဆုံး အာကာသပေါ်တွင် လမ်းလျှောက်ခြင်း အတွေ့အကြုံ၊ လကမ္ဘာနှင့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးများအတွက် အထောက်အကူဖြစ်စေမည့် စမ်းသပ်မှုအမျိုးမျိုးတို့ကို ပြုလုပ်ခဲ့သည်။

၎င်းသည် ယခုခရီးစဉ်တွင် အာကာသထဲ၌ ၁၅၇ ရက်နှင့် နာရီအချို့ ကုန်ဆုံးခဲ့သည်။ ယခုအခါ ဝါကာတာသည် အာကာသနှင့် နိုင်ငံတကာ အာကာသစခန်းတို့၌ အကြာဆုံး နေထိုင်ခဲ့သည့် ဂျပန်နိုင်ငံသား တစ်ဦးအဖြစ် မှတ်တမ်းများရရှိခဲ့ကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ၌ ယမန်နှစ်က သစ်တောဟက်တာ ၃ ဒသမ ၈၃ သန်း စိုက်ပျိုးခဲ့

**ပေကျင်း မတ် ၁၂**

၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် သစ်တောဧရိယာ စုစုပေါင်း ဟက်တာ ၃ ဒသမ ၈၃ သန်း ထပ်မံစိုက်ပျိုးပြီး သစ်တောများ ထိန်းသိမ်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း မတ် ၁၂ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အလားတူ ၂၀၂၂ ခုနှစ်အတွင်း ပျက်စီးသွားသော မြက်ခင်းပြင် ဟက်တာ ၃ ဒသမ ၂၁ သန်းကိုလည်း မြက်များစိုက်ပျိုးခြင်းဖြင့် ပြန်လည်ထူထောင်နိုင်ခဲ့ကြောင်း အမျိုးသားစိမ်းလန်းစိုပြည်ရေး ကော်မရှင်၏ အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံသည် ဆယ်စုနှစ်များစွာ သစ်တောပြုန်းတီးပြီးနောက် ၎င်း၏ သစ်တောလွှမ်းခြုံမှုနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် ၁၂ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၂ခုနှစ်အတွင်း ၂၄ ဒသမ ၀၂ ရာခိုင်နှုန်းအထိ နှစ်ဆတိုး၍ ဖန်တီးခဲ့သည်။

နိုင်ငံ၏ မြက်ခင်းပြင် လွှမ်းခြုံမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၅၀ ဒသမ ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြီးခဲ့သောနှစ်တွင် တရုတ်နိုင်ငံသည် သဲနှင့်ကျောက်တုံးမြေ ဟက်တာ ၁ ဒသမ ၈၅ သန်းကိုလည်း သစ်ပင်များ ရှင်သန်အောင် ပြုစုပျိုးထောင်ခဲ့သည်။

သစ်တောများနှင့် မြက်ခင်းပြင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူသိုလှောင်နိုင်သော အရေးကြီးသည့် ကာဗွန်သိုလှောင်သူများ ဖြစ်သည်။ နိုင်ငံ၏ အစိမ်းရောင်လှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးခြင်းသည် ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု အမြင့်ဆုံးလျှော့ချရေးနှင့် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုအဆုံးသတ်ရေး ကတိကဝတ်များကို ဖြည့်ဆည်းရန်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

မတ် ၁၂ ရက်သည် တရုတ်နိုင်ငံ၏ ၄၅ နှစ်မြောက် အမျိုးသား သစ်ပင်စိုက်ပျိုးရေးနေ့လည်းဖြစ်သည်။ **ဆင်ဟွာ**



တရုတ်နိုင်ငံ ရှန်စီးပြည်နယ်အတွင်းရှိ သစ်တောနှင့်မြက်ခင်းပြင်များ။

# ဂေဟာစနစ်အခြေပြုခရီးသွားလုပ်ငန်းဖြင့် ပြည်ပခရီးသွားများကို ဆွဲဆောင်ရန် ကြိုးပမ်းနေသည့် ဆီနီဂေါနိုင်ငံ

**နွယ်နီလင်း**

အာဖရိက၏ အနောက်ဘက်အကျဆုံးနိုင်ငံဖြစ်ပြီး ကိုလိုနီခေတ် ကုန်သွယ်ရေးစခန်းဟောင်းဖြစ်သည့် ဆီနီဂေါနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားပြီးနောက် စီးပွားရေးအလားအလာ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံခြားဧည့်သည်များကို ဆွဲဆောင်နိုင်ရန် ဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ အဖိုးတန်အရင်းအမြစ်များကို အားကိုးဖော်ဆောင်လျက်ရှိသည်။

လူဦးရေ ၁၇ သန်းခန့်ရှိသော ပြင်သစ်စကားပြောသည့် ဆီနီဂေါနိုင်ငံသည် မော်ရစ်တေးနီးယား၊ မာလီ၊ ဂီနီနှင့် ဂီနီဘစ်ဆောနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။



ဆီနီဂေါနိုင်ငံ ဆီနီဆာလုမ်ဒေသရှိ ဒီရေတောများဖြင့် ဝန်းရံထားသော ဖက်ဒီယုသ်မြို့၏ ကျွန်းတစ်ကျွန်းကို တွေ့ရစဉ်။

### ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်

ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးအတိုင်ပင်ခံအဖွဲ့၏ အဆိုအရ ၂၀၁၉ ခုနှစ်တွင် ခရီးသွားလုပ်ငန်းသည် ဆီနီဂေါနိုင်ငံ ဂျီဒီပီ၏ ၉ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုပြီး စီးပွားရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ပံ့ပိုးပေးနိုင်ခဲ့သည်ဟု ခန့်မှန်းထားသည်။

သို့သော်လည်း လွန်ခဲ့သော သုံးနှစ်က ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါကြောင့် နယ်စပ်များကို ပိတ်ခဲ့ပြီးနောက် အနောက်အာဖရိက၏ ခရီးသွားလုပ်ငန်းမှာ ရပ်တန့်သွားခဲ့သည်။

"ဆီနီဂေါ ခရီးသွားလုပ်ငန်းဟာ ပြီးခဲ့တဲ့နှစ်ကစပြီး ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ဒါကြောင့် ဟိုတယ်တစ်လုံး၊ အခန်းတစ်ခန်းရဖို့ဆိုတာ အင်မတန်ခက်ခဲလာတယ်။ လောလောဆယ်မှာတော့ အမြဲတမ်း အခန်းကြိုမှာထားမှရတယ်" ဟု ဆီနီဂေါ ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ မန်နေဂျာ မာမာဒူ စစ်စီက ပြောသည်။

အမျိုးသားဥယျာဉ်များ၊ ယူနက်စကိုကမ္ဘာ့အမွေအနှစ်နေရာများ၊ အေးချမ်းသော သဲသောင်ပြင်များ၊ စခန်းချနေရာများနှင့် ငှက်ကြည့်သည့်နေရာများစွာ ပိုင်ဆိုင်ထားသည့် ဆီနီဂေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့် ငါးဖမ်းလုပ်ငန်းများနည်းတူ နိုင်ငံအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

"ဆီနီဂေါနိုင်ငံရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအပြင် ခရီးသွားကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ နိုင်ငံအတော်များများက စိတ်ဝင်စားနေကြပါတယ်။ ရင်းနှီးမြှုပ်နှံသူ အများအပြားရှိနေပြီဖြစ်တဲ့အတွက် ခရီးသွား လုပ်ငန်းဟာလည်း အလားအလာ အလွန်ကောင်းမွန်နေပါတယ်" ဟု စစ်စီက ဆိုသည်။

မြို့တော် ဒါကာမှ ၆၅ ကီလိုမီတာအကွာတွင် တည်ရှိသော ဧရိယာဟက်တာ ၃၅၀၀ ကျယ်ဝန်းသည့် ဘန်ဒီယာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးနယ်မြေသည် ဆီနီဂေါနိုင်ငံ၏ ထူးခြားသော ဂေဟစနစ် ရတနာသိုက်တစ်ခုလည်းဖြစ်သည်။ ဘန်ဒီယာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးနယ်မြေတွင် သစ်ကုလားအုတ်၊ မြင်းကျား၊ ကြံ့ဖြူ၊ မိကျောင်း၊ ကျွဲ၊ ငှက်ကုလားအုတ်နှင့် ငှက်မျိုးစိတ်ပေါင်း ၁၂၀ ကျော်တို့ ကဲ့သို့သော အာဖရိကတောရိုင်းတိရစ္ဆာန် များစွာ၏ ကျက်စားရာနေရာလည်းဖြစ်သည်။

ဘန်ဒီယာတောအတွင်းရှိ တိရစ္ဆာန်အများစုကို တောင်အာဖရိကမှ တင်သွင်းသော်လည်း အချို့မှာ ဒေသရင်းမျိုးစိတ်များ ဖြစ်ကြကြောင်း၊ ယင်းဒေသသို့ နိုင်ငံတကာခရီးသည်များလည်း တဖြည်းဖြည်း ပြန်ဝင်လာပြီဖြစ်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ အယ်လက်ဆေနီဆိုးက ဘေအိုဘတ်ပင်ရိပ်တွင် အနားယူရင်း ရှင်းပြသည်။

### ရေဝပ်ဒေသများ ထိန်းသိမ်းရေး

ဆီနီဂေါရှိ ဆီနီဆာလုမ် ရေဝပ်ဒေသသည် အကျယ်အဝန်း ၁၅၉၁၃၇ ဟက်တာရှိပြီး နိုင်ငံတကာ အရေးပါသော ရေတိမ်ဒေသများအဖြစ် သတ်မှတ်ခြင်းခံရသော နေရာကိုးခုအနက်မှ တစ်ခုဖြစ်သည်။ ဆီနီဂေါနိုင်ငံတွင် အဓိကအားဖြင့် ကာဆာမန်စ်နှင့် ဆီနီဆာလုမ် ရေဝပ်ဒေသများ၌ စုစုပေါင်း ဒီရေတောဟက်တာ ၁၈၅၀၀၀ ခန့်ရှိသော်လည်း ၎င်းတို့သည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် ပြုန်းတီးနေသည်။

ဆီနီဂေါနိုင်ငံရှိ ဒီရေတောဧရိယာစုစုပေါင်း၏ လေးပုံတစ်ပုံသည် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက မိုးခေါင်ခြင်း၊ သစ်ခုတ်ခြင်းတို့ကြောင့် ဒီရေတောများ ပြုန်းတီးခြင်းနှင့်အတူ လမ်းဖောက်လုပ်ခြင်းနှင့် ရေလမ်းပိတ်ဆို့ခြင်းတို့ကြောင့်လည်း ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် ဒီဒေသ မိုးခေါင်ရေရှားမှုတွေနဲ့ အလွန်ဆိုးရွားတဲ့ ရာသီဥတုအခြေအနေတွေက ဘယ်လိုသက်ရောက်မှုရှိလဲဆိုတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ ရေတိမ်ဒေသတွေ ဆုံးရှုံးတဲ့အခါ ဘာကိုဆိုလိုသလဲဆိုတဲ့ ရလဒ်ကို ကျွန်တော်တို့ မျက်မြင်တွေ့ကြရတော့မှာပါ"ဟု ရေဝပ်ဒေသများ ကွန်ဗင်းရှင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မူဆွန်ဒါ မွမ်ဘာက ပြောကြားသည်။

ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူမျိုးများသည် ဆေးဝါး၊ အစားအစာ၊ သားငါးအတွက်သာမက ဤဒေသ၏ ရာသီဥတုအတွက်ကိုပါ ရေဝပ်ဒေသ ဂေဟာစနစ်အပေါ် အမှန်တကယ် မှီခိုအားထားနေရကြောင်း ၎င်းကပြောသည်။

**ကိုးကား - ဆင်ဟွာ**

❑ **အမျိုးသားဥယျာဉ်များ၊ ယူနက်စကိုကမ္ဘာ့အမွေ အနှစ်နေရာများ၊ အေးချမ်းသော သဲသောင်ပြင်များ၊ စခန်းချနေရာများနှင့် ငှက်ကြည့်သည့်နေရာများစွာ ပိုင်ဆိုင်ထားသည့် ဆီနီဂေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့် ငါးဖမ်းလုပ်ငန်းများနည်းတူ နိုင်ငံအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်**

❑ **ဆီနီဆာလုမ် ရေဝပ်ဒေသသည် အကျယ်အဝန်း ၁၅၉၁၃၇ ဟက်တာရှိပြီး နိုင်ငံတကာအရေးပါသော ရေတိမ်ဒေသများအဖြစ် သတ်မှတ်ခြင်းခံရသော နေရာကိုးခုအနက်မှတစ်ခုဖြစ်**



၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်က ဆီနီဂေါနိုင်ငံ ဆာလုမ်မြစ်ဝကျွန်းပေါ်ဒေသရှိ ဆာဖာရီပန်းခြံတစ်ခုတွင် ခြင်္သေ့များနှင့်အတူ ဓာတ်ပုံရိုက်နေကြသည့် ခရီးသွားများ။

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၁၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၃၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၀,၀၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၄၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၃-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၆၉,၇၆၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၃,၁၄၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၁-၃-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၆၉,၇၆၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၃,၁၄၇ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အလုပ်သမားများကိုယ်စားပြု အလုပ်သမားအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**လုပ်သားမောင်**

အလုပ်သမားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးလုပ်ဆောင်ခွင့်**

ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(International Labour Organization-ILO)သို့ ၁၈-၅-၁၉၄၈ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အလုပ်သမားရေးရာ ကိစ္စရပ်များကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးလုပ်ဆောင်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၈၇)အပါအဝင် ILO ပြဋ္ဌာန်းချက် ၁၉ ခုကို အတည်ပြုပါဝင်ခဲ့သည်။

ပြဋ္ဌာန်းချက်အမှတ်(၈၇)ကို အတည်ပြုပါဝင်ခြင်း မပြုမီကပင် အလုပ်သမားအဖွဲ့အစည်းများကို ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂများ အက်ဥပဒေ (Trade Unions Act, 1926)အရ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးချိန်မှစ၍ အလုပ်သမားဥပဒေများကို အပြည်ပြည်ဆိုင်ရာကတိကဝတ်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ရာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ဦးစားပေးအဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

**အလုပ်သမားအဖွဲ့အစည်းဥပဒေ(မူကြမ်း)**

အလုပ်သမားအဖွဲ့အစည်း ဥပဒေ(မူကြမ်း) ရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ILO ရုံးချုပ်မှ ကျွမ်းကျင်သူများ ပါဝင်သည့် ILO Mission ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၁၁ ခုနှစ် ဇူလိုင်လတို့တွင် မြန်မာနိုင်ငံသို့ ဖိတ်ကြားဆွေးနွေးကာ ဥပဒေမူဘောင်ချမှတ်ခဲ့ပြီး ဥပဒေ(မူကြမ်း)တွင် ပါဝင်သင့်သည့် အချက်များကို အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေး၍ ILO မှ ကျွမ်းကျင်သူ(Expert)များ၏ အကြံဉာဏ်များ ထည့်သွင်းရေးဆွဲကာ ဥပဒေ(မူကြမ်း)ကို Confidential Basic ဖြင့် ILO ရုံးချုပ်သို့ပေးပို့ပြီး သဘောထား အကြံဉာဏ်များ ထပ်မံရယူခဲ့သည်။

> **✻ အလုပ်သမားအဖွဲ့အစည်းဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ILO ရုံးချုပ်မှ ကျွမ်းကျင်သူများ ပါဝင်သည့် ILO Mission ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၁၁ ခုနှစ် ဇူလိုင်လတို့တွင် မြန်မာနိုင်ငံသို့ ဖိတ်ကြားဆွေးနွေးကာ ဥပဒေမူဘောင်ချမှတ်ခဲ့ပြီး ဥပဒေ(မူကြမ်း)တွင် ပါဝင်သင့်သည့် အချက်များကို အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေး၍ ILO မှ ကျွမ်းကျင်သူ(Expert)များ၏ အကြံဉာဏ်များ ထည့်သွင်းရေးဆွဲကာ ဥပဒေ(မူကြမ်း)ကို Confidential Basic ဖြင့် ILO ရုံးချုပ်သို့ပေးပို့ပြီး သဘောထားအကြံဉာဏ်များ ထပ်မံရယူခဲ့သည်**

**အလုပ်သမားအဖွဲ့အစည်းဥပဒေ**

ILO ၏ အကြံပြုချက်များရယူပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် ရေးဆွဲပြင်ဆင်ခဲ့သော ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း အသီးသီးအတည်ပြုကာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂများ အက်ဥပဒေကို ရုပ်သိမ်းခဲ့သည်။ ဥပဒေပြဋ္ဌာန်းပြီးနောက် နည်းဥပဒေများ (မူကြမ်း)ကို ဆက်လက်ရေးဆွဲ၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ILO ရုံးချုပ်သို့ ပေးပို့ခဲ့ပြီး တစ်ချိန်တည်းတွင် ILO Mission ကို မြန်မာနိုင်ငံသို့ ထပ်မံဖိတ်ကြားကာ နည်းဥပဒေများ (မူကြမ်း)အပေါ် သဘောထား အကြံပြုချက်များရယူ၍ ILO Mission ၏ အကြံပြုချက်များနှင့်အညီ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ဆက်ဆံရေး ကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်ဖြစ်၍ ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းနိုင်ပြီး အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားရေးရာဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်းမရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်၊ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်နှင့် အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များစေလွှတ်ခွင့်၊ အလုပ်သမား ဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့်စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခွင့်၊ အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား လုပ်ငန်းများ၏ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ သဘောတူညီချက်များ၊ တစ်ဦးချင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ၊ ကတိဝန်ခံချက်များနှင့် အခြားတစ်ဦးချင်းသဘောတူညီချက်များ ပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးခွင့်များပါရှိသည်။

**အသိအမှတ်ပြုလက်မှတ်များထုတ်ပေး**

၂၀၁၁ ခုနှစ်အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ အခြေခံ အလုပ်သမားအဖွဲ့အစည်း ၂၈၂၄ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၆ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တစ်ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းတစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့၊ အလုပ်သမား/ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃၀၄၃ ဖွဲ့ တို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများအား ကိုယ်စားပြုဆောင်ရွက်ပေးရခြင်းဖြစ်၍ အလုပ်သမားရေးရာ ဥပဒေများကို ကောင်းမွန်စွာသိရှိနားလည်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန်၊ အလုပ်သမားများ၏ ကိုယ်စားပြုအနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကို ရှေးရှု ဆောင်ရွက်ရန်၊ အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ အဖွဲ့ဝင်အင်အားစာရင်း၊ နှစ်ပတ်လည်ငွေစာရင်းများကို စနစ်တကျပြုစုထားရှိ၍ လစဉ်၊ နှစ်စဉ် စစ်ဆေးရန်၊ အဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ နှစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

**အလုပ်သမားအဖွဲ့အစည်းများ ပုံမှန်လည်ပတ်နိုင်ရေး**

၂၀၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့လာမှုသည် မြန်မာနိုင်ငံသို့လည်း ရိုက်ခတ်လာခဲ့ပြီး အလုပ်သမားများ အပါအဝင် ပြည်သူတို့၏လူမှုစီးပွားဘဝများအပေါ် သက်ရောက်မှုများရှိလာခဲ့ရာ အချို့သော အလုပ်သမားအဖွဲ့အစည်းများသည် အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်နိုင်မှု မရှိတော့ခြင်း၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုများ နည်းပါးလာခြင်း၊ ပုံမှန်လှုပ်ရှားဆောင်ရွက်မှုများ မပြုလုပ်နိုင်ခြင်း စသည့်အနေအထားများကို စိစစ်တွေ့ရှိရသဖြင့် အလုပ်သမားအဖွဲ့အစည်းများအား ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် အလုပ်သမားအဖွဲ့အစည်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ၂၄-၂-၂၀၂၃ ရက် နံနက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား နေ့လယ်ပိုင်းတွင် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌လည်းကောင်း တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မှတ်ပုံတင်အရာရှိချုပ် ဦးစီးဌာနအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်မှတ်ပုံတင်အရာရှိများနှင့် စက်မှုဇုန်ကော်မတီဝင်များ အပါအဝင် ၁၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်းမှုများ**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက အလုပ်သမားများအနေဖြင့် စက်ရုံ၊ အလုပ်ခွင်စည်းကမ်းများနှင့် အလုပ်သမားရေးရာဥပဒေများကို သိရှိနားလည်ပြီး အလုပ်သမားများကို အသိပညာ ဖြန့်ဝေပေးရန် လိုကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်ပြီး အလုပ်သမားများ အကျိုးကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ တွင် အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး ပြဋ္ဌာန်းထားကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် ပြည်တွင်း၌သာမက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) မှ ကျင်းပသည့် အစည်းအဝေးများသို့ တရားဝင် အလုပ်သမားကိုယ်စားလှယ်များအဖြစ် တက်ရောက်ခွင့်ရှိကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံရခြင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)၏ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ရန်ကိစ္စသည် အဓိကဖြစ်ကြောင်း၊ CTUM ဥက္ကဋ္ဌဖြစ်သူ ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်သည် နိုင်ငံ၏ အရေးပေါ်ကာလတွင် ပြည်ပသို့ထွက်ခွာပြီး တရားမဝင် အဖွဲ့အစည်းဖြစ်သည့် NUG၊ CRPH တို့နှင့် ဆက်သွယ်ဆောင်ရွက်နေသည့်အပြင် ILO ကဲ့သို့သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နိုင်ငံ၏အကျိုးစီးပွားကို ဖျက်ဆီးနေသည့်အတွက် ၎င်းနှင့်အတူ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သဖြင့် လက်ရှိတွင် အဖွဲ့အစည်း၏ တာဝန်များဆောင်ရွက်၍ မရသော်လည်း CTUM သည် အလုပ်သမားအဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်ရမည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ရမည်ဖြစ်ပြီး အလုပ်သမားများကို ဦးဆောင်မှု ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အလုပ်သမား အဖွဲ့ချုပ်များလည်း ရှိကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲ လေးကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ ထိခိုက်နစ်နာခဲ့မှုများကို ကုစားရန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ ကိုဗစ်ကပ်ရောဂါကာလတွင် တစ်ကမ္ဘာလုံး၏ စီးပွားရေးထိခိုက်မှုနှင့်အတူ ပို့ကုန်လုပ်ငန်းများကို ထိခိုက်ခဲ့ကြောင်း၊ ယခုကာလတွင် ပိုမိုကောင်းမွန်သည့် အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံမှ ထုတ်ကုန်များကို နိုင်ငံတကာသို့ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်သမားများအနေဖြင့် ပုံမှန်ဝင်ငွေရရှိမှသာ မိသားစုစားဝတ်နေရေး အဆင်ပြေမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်ဆောင်ရွက်ခွင့်ရှိရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးထားရာ စည်းကမ်းတကျ ဆောင်ရွက်ပြီး အချင်းချင်း အပြန်အလှန် လေးစားမှုရှိရန်လိုကြောင်း၊ အဖွဲ့အစည်းတွင် အလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကုန်ဆုံး၍ ပြန်လည်ရွေးချယ်ပါက အလုပ်သမားများအား ကိုယ်စားပြုနိုင်သူကို စနစ်တကျရွေးချယ် တာဝန်ပေးအပ်ရန်လိုကြောင်း၊ အလုပ်သမားရေးရာ ပြဿနာများဖြစ်ပွားပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်ရုံနှင့်

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့အနက် မည်သည့်ဦးစီးဌာနကိုမဆို ဆက်သွယ်တင်ပြနိုင်ပြီး သက်ဆိုင်ရာဌာနသို့ ဆက်လက်လွှဲပြောင်း ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားများအား အလုပ်သမားအဖွဲ့အစည်းများမှ စည်းရုံးဆောင်ရွက် ဦးဆောင်ဦးရွက်ပြုပေးစေလိုကြောင်း ထည့်သွင်းမှာကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အလုပ်သမား အဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများ အကျိုးရရှိပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းအောင် ဦးဆောင် ဦးရွက်ပြုနေသူများဖြစ်ကြောင်း၊ အဖွဲ့အစည်းတိုင်းတွင် ဖွဲ့စည်းပုံ စည်းမျဉ်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များရှိသကဲ့သို့ အဆိုပါရည်ရွယ်ချက်အတိုင်း ထိထိရောက်ရောက်လုပ်ဆောင်ရန်လိုကြောင်း၊ ရည်ရွယ်ချက် လွဲချော်သွား၍မရကြောင်း၊ နိုင်ငံသားတိုင်းသည် အစိုးရအဆက်ဆက်ကတည်းက နိုင်ငံရေးဦးတည်ချက်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့် ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာရန် အရေးကြီးကြောင်း၊ အမျိုးသားရေးကို ဦးထိပ်ထား၍ အလုပ်သမားများအား ဦးဆောင်ဦးရွက်ပြုနိုင်သည့် အဖွဲ့အစည်းများဖြစ်ရန် ဆန္ဒပြုကြောင်းပြောကြားခဲ့သည်။

**ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများ**

အဆိုပါတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လက်ရှိ အနေအထားနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆောင်ရွက်ပေးစေလိုသော အချက်များကို ဆွေးနွေးခဲ့ကြရာ ကိုဗစ်ကပ်ရောဂါကာလတွင် အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ခြင်းမပြုလုပ်နိုင်သော်လည်း ညီလာခံခေါ်ယူ၍ ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်း မပျောက်ပျက်အောင် ဆက်လက်ဆောင်ရွက်နေကြောင်း၊ ယခင်က အလုပ်သမားများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးခဲ့သော်လည်း ယခုကာလတွင် အစည်းအဝေးများ၊ သင်တန်းများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိသေးကြောင်း၊ ကျန်ရှိသည့် အလုပ်အမှုဆောင်အင်အားဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ တောင်သူများတွင် လယ်ယာနှင့် ကိုင်းလုပ်ငန်းများဖြစ်သည့် ဧရာတ်နှင့် ပြောင်းလုပ်ငန်းများ လုပ်ဆောင်သူများရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရန်နှင့် ဓာတ်မြေဩဇာကို စက်ရုံဈေးနှုန်းဖြင့် ရရှိစေရန်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတွင်သာ အဖွဲ့အစည်းများ ဖွဲ့စည်းသော်လည်း အလုပ်သမားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေး ပိုမိုအဆင်ပြေနိုင်ရန်အတွက် လုပ်ငန်းကဏ္ဍအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မှသာ ပိုမိုအဆင်ပြေကြောင်း၊ ဒေသအတွင်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများပေါများသော်လည်း အလုပ်သမားများအနေဖြင့် လုပ်ကိုင်ခွင့်မရကြောင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မိမိတို့ဒေသအတွင်းရှိ အင်း၊ အိုင်များကို အသုံးပြု၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်လာနိုင်ပါက လုပ်ငန်းများ အဆင်မပြေမှုကြောင့် အခြားနိုင်ငံများသို့ အလုပ်သမားများ သွားရောက်လုပ်ကိုင်နေခြင်းကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်အောက်တွင်မရှိသည့် အလုပ်သမားအဖွဲ့အစည်းများမှ သပိတ်မှောက်ရာတွင် ခွင့်ပြုချက် တောင်းခံနိုင်ရေးအတွက် ပြန်လည်သုံးသပ်ပေးစေလိုကြောင်း၊ အဖွဲ့အစည်းအဖြစ်ရှိနေ၍ လုပ်ငန်းညှိနှိုင်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ပြီး အလုပ်သမားရေးရာ ကိစ္စရပ်များကို ပိုမိုရှင်းလင်းရလွယ်ကူကြောင်း၊ အချို့စက်ရုံများတွင် အလုပ်သမားများ၏ အခွင့်အရေးများ ဆုံးရှုံးလျက်ရှိကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားစက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းများသည် သဘောသဘာဝချင်း မတူညီသဖြင့် သက်ဆိုင်ရာလုပ်ငန်းများမှ လူ့စွမ်းအားအရင်းအမြစ်မန်နေဂျာ(HR Manager) နှင့် စီမံခန့်ခွဲမှု တာဝန်ရှိသူများကို အလုပ်သမားဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးသင့်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်း အချင်းချင်းချိတ်ဆက်ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အဆက်အသွယ်များ ပြတ်တောက်နေကြောင်း၊ အဖွဲ့အစည်းများ အကျိုးအတွက် အချို့သော မြို့၊ ရွာများရှိ မြေလွတ်မြေရိုင်းများတွင် လုပ်ကိုင်ခွင့်ကို နိုင်ငံတော်မှ ခွင့်ပြုမိန့်တောင်းခံလိုကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM) လက်အောက်ရှိ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအလုပ်သမားအဖွဲ့ချုပ်(ယာယီ)မှ ကိုယ်စားလှယ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အလုပ်သမားအဖွဲ့အစည်းများမှ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ မှတ်ပုံတင် အရာရှိချုပ်ဖြစ်သူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိကြောင်း၊ လူဦးရေ ၃၀ ရှိပါက အဖွဲ့အစည်းဖွဲ့စည်းနိုင်ကြောင်း၊ တရားဝင်ဖွဲ့စည်းခွင့်တင်ပြပြီးပါက လှုပ်ရှားဆောင်ရွက်မှုရှိနေစေလိုကြောင်း၊ စက်ရုံတွင် အလုပ်သမားအဖွဲ့အစည်းရှိပါက လုပ်ငန်းညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့သို့ အဖွဲ့အစည်းမှ ကိုယ်စားလှယ်စေလွှတ်ခွင့်ရှိပြီး အဖွဲ့အစည်းမရှိပါက စက်ရုံရှိ အလုပ်သမားများမှ မဲပေးရွေးချယ်ထားသည့်အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်ရပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားများအနေဖြင့် လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရှိသော်လည်း အဆိုပါအဖွဲ့၏ အလုပ်အမှုဆောင်သက်တမ်းမရှိပါက ကိုယ်စားပြုခွင့်မရှိပါကြောင်း၊ အလုပ်အမှုဆောင်အပြောင်းအလဲ ရွေးချယ်နိုင်ခြင်းမရှိသေးကြောင်း တင်ပြလာသည့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အဖွဲ့အစည်းအား ကိုယ်စားပြုနိုင်ပြီး အလုပ်ရှင်နှင့်ညှိနှိုင်းဆောင်ရွက်နိုင်စေရန် အလုပ်အမှုဆောင်အဖွဲ့ကိုပြန်လည်ရွေးချယ်စေလိုကြောင်း၊ အဖွဲ့အစည်းပယ်ဖျက်ရန် အလုပ်အမှုဆောင်အဖွဲ့မှ တင်ပြလျှင်သော်လည်းကောင်း၊ အဖွဲ့ဝင်ဦးရေ ပြည့်မီခြင်းမရှိလျှင်သော်လည်းကောင်း ပယ်ဖျက်နိုင်သော်လည်း အဖွဲ့ဝင်ဦးရေ ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် ပယ်ဖျက်ခွင့် တင်ပြလာပါက သေချာစွာစိစစ်ရန် မြို့နယ်မှတ်ပုံတင်အရာရှိများအား ညွှန်ကြားထားကြောင်း၊ အခြားဌာနမှ စည်းကြပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှိသောကြောင့် မိမိတို့ဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်ကိစ္စများနှင့်ပတ်သက်၍ ဌာနသို့ တရားဝင်စာဖြင့် တင်ပြပေးစေလိုကြောင်း၊ သပိတ်မှောက်ရာတွင် အဖွဲ့ချုပ်ကို တင်ပြရသည့်ကိစ္စသည် ဥပဒေတွင် ပါဝင်သည့်အတွက် ဥပဒေကိုကျော်လွန်၍ မရကြောင်း၊ လတ်တလောတွင် အဖွဲ့ချုပ်တစ်ခုခုအောက်သို့ ဝင်ရောက်ခြင်း (သို့မဟုတ်) မြို့နယ်အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရာတွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း၊ အလုပ်အမှုဆောင်အဖွဲ့သက်တမ်းရှိမှသာ အလုပ်သမားများအား ကိုယ်စားပြုခွင့်ရနိုင်မည်ဖြစ်၍ သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများ၏ အကျိုးအတွက် အမှန်တကယ် အလုပ်လုပ်နိုင်မည့်သူများအား အလုပ်အမှုဆောင်များအဖြစ် အမြန်ဆုံးပြန်လည်ရွေးချယ်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**အလုပ်အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ဆောင်ရွက်ခြင်း**

တွေ့ဆုံဆွေးနွေးပွဲတွင် အလုပ်သမားအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ခဲ့သဖြင့် အလုပ်သမားအဖွဲ့အစည်းများသည် မိမိတို့အဖွဲ့အစည်း၏ လိုအပ်ချက်များကို သိရှိနားလည်ပြီးအဖွဲ့အစည်း၏ အဓိက ကျသော အလုပ်အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများအား ကိုယ်စားပြုသော အလုပ်သမားအဖွဲ့အစည်းများအဖြစ် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြား အကျိုးခံစားခွင့်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား သုံးဦးသုံးဖလှယ် ပူးပေါင်းညှိနှိုင်းအဖြေရှာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ဖော်ဆောင်နိုင်ပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာစေ၍ အလုပ်ရှင်၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်ရုံသာမက တစ်ဖက်တွင်လည်း နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို များစွာအထောက်အကူဖြစ်စေမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တင်ပြလိုက်ရသည်။ ။

# ကျောက်ဖြူ၌ ဒေသထွက်ဝါးပင်များဖြင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန် ဝါးလက်မှုအခမဲ့သင်တန်းဖွင့်

ကျောက်ဖြူ မတ် ၁၂

**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဒေသထွက် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည့် ဝါးပင်များကို အသုံးပြုကာ အရည်အသွေးကောင်းမွန်ပြီး သပ်ရပ်လှပသော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဝါးလက်မှုအခမဲ့သင်တန်းကို ကျောက်ဖြူမြို့ အရာရှိရပ်ကွက် စံပြ(၁)လမ်း၌ မတ် ၁၁ ရက်က ဖွင့်လှစ်ပြသသည်။**



အဆိုပါသင်တန်းကို Nay Pyi Taw UNEC MM ကုမ္ပဏီလီမိတက်နှင့် Earth Vocational Training Center တို့ပူးပေါင်း၍ အခမဲ့ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး ဒေသထွက်သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသည့် ကြိမ်နှင့်ဝါးပင်များကို အသုံးပြု၍ အရည်အသွေးကောင်းမွန်ပြီး သပ်ရပ်လှပသော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်၊ ဝါးများကို အသုံးပြု၍ ဈေးကွက်ဝင်သည့် ထုတ်ကုန်လက်မှုထည်များ တီထွင်ကာ မိသားစုဝင်ငွေတိုးပွားစေရန်၊ နိုင်ငံတော်မှအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပြသခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ MD ကိုနိုင်ထက်လင်းထံမှ သိရသည်။

သင်တန်းတက်ရောက်ခြင်းနှင့် ပတ်သက်၍ သင်တန်းသူတစ်ဦးဖြစ်သည့် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်မှ ဆရာမ ဒေါ်ချမ်းငြိမ်းသူက “တီထွင်ဆန်းသစ်မှုအပိုင်းကို စိတ်ဝင်စားလို့ ဒီမှာ ဝါးလက်မှုသင်တန်းဖွင့်တယ်ဆိုတော့ တက်ဖြစ်တာပါ။ အခုလက်ရှိမှာ ဝါးနဲ့ ဘောပင်ခွက်ပြုလုပ်တာတွေ၊ ပြီးတော့ ဓာတ်ပုံပေါင်ပြုလုပ်တာတွေကို သင်နေပါတယ်။ စိတ်ဝင်စားတဲ့သူတွေအတွက်တော့ အခက်အခဲမရှိဘူး၊ ပြီးတော့ ဆရာတွေက စနစ်တကျသင်ပြပေးတော့ အဆင်ပြေပါတယ်”ဟု ပြောသည်။

သင်တန်းသူတစ်ဦးဖြစ်သည့် ကျောက်ဖြူမြို့နယ် ငွေတွင်းတူးကျေးရွာမှ တိုင်းရင်းသားဘာသာသင် ဆရာမ ဒေါ်သန်းသန်းဌေးကလည်း “ဒီသင်တန်းကို တက်ရောက်ပြီးတော့ သင်တန်းက ရရှိလာတဲ့ ဝါးလက်မှုပညာတွေနဲ့ ကျောင်းသားတွေကို ပြန်ပြီးတော့ သင်ပြပေးလို့ ရပါတယ်။ ကျောင်းမှာဆိုရင်လည်း သင်ထောက်ကူပစ္စည်းတချို့ကို ဝါးနဲ့ပြုလုပ်လို့ရမှာ ဖြစ်ပါတယ်။ အခုလိုသင်တန်းတက်လိုက်ခြင်းကြောင့် ရှိနေတဲ့ကုန်ကြမ်းတွေကို တီထွင်ဆန်းသစ်တဲ့ ကုန်ချောထုတ်လုပ်ပြီး အိမ်မှာအလှထားလို့လည်း ရမယ်။ ရောင်းချမယ်ဆိုရင်လည်း တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေ တိုးလာမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ဝါးလက်မှုပညာသင်တန်းတွင် ဝါးဖြတ်တောက်ခြင်း၊ ဝါးနှီးဖြာခြင်း၊ ဝါးဖြင့် ဘောပင်ခွက်ပြုလုပ်ခြင်း၊ ဝါးမီးအိမ်ပြုလုပ်ခြင်း၊ ဓာတ်ပုံပေါင်ပြုလုပ်ခြင်း၊ ဝါး Tissue Box များ ပြုလုပ်ခြင်း၊ ပစ္စည်းများ QC စစ်ဆေးခြင်း၊ ပစ္စည်းများဆေးသုတ်ခြင်း စသည့် ဘာသာရပ်များကို သင်တန်းနည်းပြဆရာ ဆရာမလေးဦးက သင်ကြားပို့ချမည်ဖြစ်ပြီး ကျောက်ဖြူမြို့နယ်အတွင်းမှ လူငယ်များ၊ တက္ကသိုလ်ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ စသည့် သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ယူကြကာ သင်တန်းမှာ မတ် ၁၂ ရက်အထိ နှစ်ရက်ကြာမည်ဖြစ်သည်။

**တင်ထွန်းဦး**

**(ပြန်/ဆက်)**

# ကရင်ပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော လှိုင်းဘွဲ့ – ကမ်းနီ(ရွှေဂွန်း)လမ်းဖွင့်

ဘားအံ မတ် ၁၂

**(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကရင်ပြည်နယ်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော လှိုင်းဘွဲ့– ကမ်းနီ (ရွှေဂွန်း)လမ်းဖွင့်ပွဲကို မတ် ၁၁ ရက်က လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာ ကျောက်တစ်လုံး ဘုန်းတော်ကြီးကျောင်းအနီးရှိ အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။**

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်လာခြင်းကြောင့် ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကျန်းမာရေးစောင့်ရှောက်မှု




လုပ်ငန်းများ အစစအရာရာမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း မိမိတို့ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ ယခုထက်မက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေးအတွက် အဓိကလိုအပ်လျက်ရှိသည့် လမ်း/ တံတားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်တိုးတက်ဆောင်ရွက်ရန် ကျန်ရှိသည့် လမ်း၊ တံတားများကို ဆက်လက်ဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်နှင့် လမ်း/တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးရုံး၊ အမှတ်(၂)တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စောကြာအင်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့–ကမ်းနီ(ရွှေဂွန်း) လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကာ လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ဖွင့်လှစ်သည့် လှိုင်းဘွဲ့–ကမ်းနီ(ရွှေဂွန်း) လမ်းသည် လှိုင်းဘွဲ့မြို့မှ ကွမ်တာကုန်း၊ ကွမ်တာ၊ ကပ္ပလီ၊ သာယာကုန်း စသည့်ရွာများကိုဖြတ်ပြီး ကမ်းနီမှတစ်ဆင့် မြိုင်ကြီးငူအထူးဒေသ– မဲသဝေါနယ်စပ်သို့လည်းကောင်း၊ သံလွင်မြစ်တစ်ဖက်ကမ်း ကမမောင်း–ဖာပွန်မြို့များသို့လည်းကောင်း၊ ကမ်းနီမှတစ်ဆင့် ရွှေဂွန်းတိုက်နယ်၊ ထိုမှ ဘားအံမြို့သို့လည်းကောင်း သွားလာနိုင်ပြီး ၁၉ ဒသမ ၃ ကီလိုမီတာအရှည်ရှိကာ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ၂၀၂၀–၂၀၂၂ ဘဏ္ဍာနှစ်အထိ ၁၈ ပေ အကျယ်ကတ္တရာလမ်းအဖြစ် ၆ ဒသမ ၈ ကီလိုမီတာ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၂ ဒသမ ၅ ကီလိုမီတာ ဆောင်ရွက်ခဲ့ပြီးလာမည့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ၁၀ ကီလိုမီတာမှ ၁၇ ဒသမ ၅ ကီလိုမီတာအထိ လမ်းတာပေါင် ကျဉ်းသောနေရာများကို ပေ ၄၀ အကျယ်ရရှိစေရန် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းနှင့်အခြားလိုအပ်သော လမ်း၊ တံတားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၂**

ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ မတ် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကိုပထမအကြိမ်ဝါရင့် ကာယဗလမောင်များနှင့် မြန်မာနိုင်ငံ GYMပိုင်ရှင်များ ပူးပေါင်းကျင်းပမည် ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား (Categ–ories) ကိုးမျိုးပါဝင်မည်ဖြစ်ပြီး Men Bodybuilding junior up to 70kg၊ Men Bodybuilding junior above 70kg၊ Men Bodybuilding senior up to 70kg၊ Men Bodybuilding senior above 70kg၊ Men Athletic (Classic)Physique Open ၊ Men Physique up to including 170 cm (up to 70kg)၊ Men Physique above 170cm (up to 75kg)၊ Women model Physique up to 160 cm နှင့် Women model physique above 160cm ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် junior categories ပြိုင်မည့်သူများသည် ပြိုင်ပွဲအသီးသီးတွင် ဆုမရှိဖူးသူများသာဖြစ်ရမည်ဖြစ်ကာ ပြိုင်ပွဲနှင့်ပတ်သက်၍ ဖုန်း၀၉–၄၂၀၂၇၈၅၀၇၊ ၀၉–၄၂၀၀၃၃၆၀၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကာ အားကစားသမားများအား ကိုယ်အလေးချိန် စစ်ဆေးခြင်းကို မတ် ၁၇ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Fit Way Gym (Atrium) ၌ ကျင်းပသွားမည် ဖြစ်သည်။

**အာကာစိုး**

## ထားဝယ်မြို့၌ နွေရာသီအခြေခံ ပန်းချီသင်တန်းဖွင့်လှစ်

**ထားဝယ် မတ် ၁၂**

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီပညာရှင်များပူးပေါင်း၍ ကလေးငယ်များ၏ နွေရာသီကျောင်းပိတ်ရက် ကာလများတွင် မိမိနှစ်သက်သည့် ပန်းချီပုံရေးဆွဲခြင်းဖြင့် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အနုပညာအရည်အသွေးများ မြင့်မားလာစေရန် ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီသင်တန်းကို မတ် ၁၁ ရက်က ထားဝယ်မြို့ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ သင်တန်းတွင် ပန်းချီပညာရှင် ဦးလှရွှေနှင့် ဦးစိုးနိုင်တို့က ကျောင်းသား ကျောင်းသူ ၂၀ အား အခြေခံပန်းချီများတွင်ပါရှိရမည့် မျဉ်းရေးဆွဲရမည့်နည်းများအကြောင်း၊ ပုံစံနှင့် ထုထည်များအကြောင်း၊ အလင်းအမှောင်နှင့်အရောင်မျိုးစုံခွဲခြား ရေးဆွဲရမည့်နည်းများအကြောင်းကို စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လတ်**

## မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ် (၉၄) ရပ်ကွက်ရှိ အောင်ကျော်ကျော်(ခ) လင်းလင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း။

ထို့အတူ မတ် ၁၀ ရက် ည ၇ နာရီတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာ ဒုဋ္ဌဝတီတံတားအနီးရှိ ရပ်စောက်– နောင်ချိုသွားကားလမ်းတွင် စိုးမိုးနိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀၀ ကို လည်းကောင်း။

ထို့ပြင် မတ် ၁၁ ရက် ည ၈ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့လွယ်ဆောင်ကျေးရွာအုပ်စု မြိုင်သာယာကျေးရွာအနီးရှိ မိုင်းခုတ်– မိုင်းဆတ်သွား ကားလမ်းတွင် အိုက်နပ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၁၂ ကီလိုကို လည်းကောင်း။



မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု တာဆန်းကျေးရွာအနီးတွင် စိုင်းခမ်း မောင်းနှင်လာသည့် NISSAN အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ ပလတ်စတစ်အိတ်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့်(ဝဲပုံ) ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

### ရေချွေတာရေး နည်းလမ်းများ

- ❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၃-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓာတ္တုဂ်သုတ်အနက်ရှာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မောပြေထဲကပအိုဝ်းဒေသ
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၉:၂၅** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၃၀** ဘဝနှင့်အနုပညာ 'ရုပ်ရှင်တေးသွားသံစဉ်အလှတရားများရဲ့သီဆိုရှင်' (တေးသံရှင်မောင်သိန်းဝင်း)(အပိုင်း-၃)
**၁၂:၃၀** ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်မည့် အခြေခံပညာအလယ်တန်းအဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပြီးပညာဆက်လက်သင်ယူမည့်ကျောင်းသား၊ကျောင်းသူများနှင့်မိဘပြည်သူများသိရှိနိုင်စေရန်အသိပေးနှိုးဆော်ချက်
**၁၂:၄၀** မြန်မာဇာတ်လမ်းတွဲ '**ဝိန်းကြာပဏ်ဦး တင်သောင်ရေ**' (အပိုင်း-၁၇)
**၁၃:၃၀** MRTV National News
**၁၅:၄၅** ကျန်းမာပျော်ရွှင်ဖို့သန့်လေးသန့်ကိုအလေးထားလိုက်နာစို့
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** New Future Program
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**' (အပိုင်း-၇၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၁၅** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း '**ကြယ်နှင့်အတူ**' (အပိုင်း-၁၂)
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ယုံကြည်ရာလမ်း**' (အပိုင်း-၁၇)

**mitv**

**07:01** Evergreen Classic: Parami Taw (Hnin Hnin Htoo)
**07:10** Journey To The Mogok (Part-1)
**07:32** The Art of Making Glaze Ware
**07:51** Gardener: Rose Plantation
**08:01** News
**08:29** Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-6 (The Buddhist Arts) Part-A
**09:01** Thilawa SEZ Thriving Model Special Economic Zone
**09:29** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**09:53** Kayah
**10:01** News
**10:26** Topical Topics (No. 43) Avoid negligent acts in using fire in the open season

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဆန်းပြားလှသည့် ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ရှေးချင်း(ချိုး)ရိုးရာ လေးဗေဒင်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
အရပ်ရှစ်မျက်နှာဦးချသူများ

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၆)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
'တိုင်းခင်'ဝံ့ရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ'ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
တစ်နယ်တစ်ကျေးက ကယားတို့ရွာ

**ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
လက်ဖက်ထမင်းနှင့်အမဲသားထောင်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** ကျေးလက်နှင့်မြို့ပြတစ်ပြေးညီဖွံ့ဖြိုးဖို့ မြန်မာ့မီးရထားကိုစီးနင်းကြပါစို့
**၀၉:၁၅** Weekly Selected News
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၃:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၃:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အတုမှန်းသိလျက်လက်ရှိထားမှု**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ရေအစက်ချစိုက်ပျိုးခြင်း(စိုက်ပျိုးရေချွေတာသုံးစွဲနည်းစနစ်)
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၄၀** တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး)
**၀၈:၂၀** ထုတ်လုပ်တီထွင်ဝါမျိုးသစ်တွင်
**၀၈:၅၀** နွေနှမ်းစိုက်ပျိုးဝင်ငွေတိုး
**၀၉:၂၀** လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်း ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ဇေယျာဝတီ ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဇေတဝန် ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ သာသနာ့ဝိပုလကာရီကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒီသေနာရာမကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်ရှိ စည်သာကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျီကုန်းမစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တပ်ဦး ဥတ္တရာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပွဲအစ ၁၉ မိနစ်တွင် ဝေနှင်းဖြိုး သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၅၇ မိနစ်တွင် နျူဖာဆာရီက မလေးရှားအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့ပြီး မိနစ် ၈၀ တွင် ယဉ်လွန်းအိမ်နှင့် ၈၅ မိနစ်တွင် ဝေနှင်းဖြိုးတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး - ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပပြီး အုပ်စုပထမရသည့် ထိပ်ဆုံးရှစ်သင်းသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခြင်းဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၃ - ၂၀၂၂

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၃၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၅၉၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၂၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၃၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၄၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၉၃၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၄ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၆ | ၄၉၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၆၇၅ | ၅၄၃၇၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇ | ၅၃၉၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၁၄ | ၂၉၉၃၁၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၃ | ၃၅၇၇၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန့်မသင်းပေမယ့် အဆင်းလှတဲ့ ချင်းတို့ဌာနေ တောင်ဇလပ်မြေ (၁)

မြင့်စိုး(နတလ)

### ရန်းတောင်ခြေမှ အလင်းတန်းများ

ချင်းပြည်နယ်နှင့် ပတ်သက်ပြီး ကျွန်တော် ပထမဆုံးရေးဖြစ်ခဲ့သော ဆောင်းပါးနာမည် ဖြစ်သည်။ ရန်းတောင်ခြေမှ အလင်းတန်းများ.... ဟူ၍။ အချိန်ကာလအားဖြင့် တွက်စစ်ကြည့်သော် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ဟားခါးမြို့၌ ကျင်းပပြုလုပ်ခဲ့သော အဋ္ဌမအကြိမ်မြောက် ကျောင်းသားအားကစားပွဲတော်ကြီးက အပြန်ရေးခဲ့သည်ဆိုတော့ကာ ဩော်....၂၅ နှစ်တောင် ကြာခဲ့ပြီမို့၊ ငွေရတုသို့ပင် တိုင်ခဲ့ချေပြီတကား။ စိတ်ထဲမှာတော့ မနေ့တစ်နေ့က အတိုင်းပင်။ သည့်နောက်မှာလည်း နတလဝန်ထမ်းဘဝဖြင့် ချင်းပြည်နယ် (မြောက်ပိုင်း) ဒေသများသို့ သုံး၊ လေးခေါက်မက ရောက်ခဲ့ပါသေးသည်။ ဟားခါးနှင့် ထန်တလန်ကြားက တီးမစ် (သီမြစ်) ချိုင့်ဝှမ်းဒေသအလှကို တစ်ဝကြီး ကြည့်ခဲ့ရဖူးသည်။ တီးတိန်နှင့် တွန်းဇံဒေသဘက်တွေမှာ တိမ်ပင်လယ်ကို မြင်ခဲ့သည်။ ဒေသခံတိုင်းရင်းသူ အချောအလှတွေပေါသော ဖလမ်းမြို့ကိုလည်း ရောက်ခဲ့သည်။ တီးတိန်မြို့ကို အသွားကားလမ်းပေါ်က မြောက်ယဉ်စွန်းတန်း ဖြတ်သောနေရာမှာ ဆရာတပည့်တွေ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့ကြတာကိုလည်း မမေ့။ ဆိုရသော် ချင်းပြည်နယ်၏ အလှများနှင့် အမှတ်တရများက နှစ်တွေဘယ်လိုပြောင်းပြောင်း၊ ဟောင်းသွားသည်၊ နွမ်းသွားသည်၊ ရိုးအီသွားသည်ဟူ၍မရှိ။ အမြဲတမ်း လန်းဆန်းလတ်ဆတ်နေသည်သာ။ ချင်းပြည်နယ်ကို ကျွန်တော်ချစ်ပါသည်။ တောင်ဇလပ်ပန်းနီနီများနှင့် အောက်ချင်းငှက်တို့၏ သစ္စာတရားကို ကျွန်တော်တန်ဖိုးထားပါသည်။

ယခုတစ်ခေါက်ကမူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၏ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် ခရီးစဉ်တွင် လိုက်ပါခွင့်ရခဲ့ခြင်းဖြစ်၏။ အချိန်ရခိုက်မှာ ကျွန်တော် အပြေးအလွှား လှမ်းမျှော်ကြည့်မိသည်က ဟားခါးမြို့ကို စိုးမိုးထားသော ရန်းတောင်ကြီးဆီကိုပဲဖြစ်၏။ ထိုတောင်ပေါ်မှာ တင့်တယ်သပ္ပာယ်စွာ စံနေတော်မူသည့် ကကုသန်စေတီတော်မြတ်၊ ဇေယျသိဒ္ဓိရုပ်ပွားတော်ကြီး၊ ပဉ္စဝဂ္ဂီငါးဦး ဓမ္မစကြာတရားဦး နာနေသည့် ပုံတော်များနှင့် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ ရုပ်တုတို့အား ရည်မှန်းဦးခိုက်လိုက်ပါသည်။ အမြင့်ပေ ၆၁၂၀ တွင် တည်ရှိနေသော ဟားခါးမြို့၏ အေးစိမ့်စိမ့်ရာသီဥတု၊ သွားရင်းလာရင်းနဲ့ ဖြိုးခနဲဖျတ်ခနဲ တွေ့မြင်နေရသော ချင်းရိုးရာအိမ်လေးများ၊ ဂုဏ်ရှိန်ထည်ဝါလှသည့် ဦးဝမ္မသူးမောင် အားကစားကွင်းကြီးတို့က ကျွန်တော့်စိတ်အာရုံကို လွန်ခဲ့သည့်နှစ်များစွာဆီသို့ ပြန်လည်ဆွဲခေါ်သွားခဲ့ချေပြီတမုံ့။

### ဟားခါးကျောင်းသားအားကစားပွဲတော်

၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ဟားခါးကျောင်းသားအားကစားပွဲတော် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီးဌာနအလိုက် ပြခန်းများ ခင်းကျင်းပြသရပါသည်။ နယ်စပ်/ စည်ပင်ဟု ခေါ်မည်တွင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်းအတွက် နတလဦးစီးဌာနဘက်က ကျွန်တော်၊ စည်ပင်သာယာရေးဦးစီးဌာနဘက်က ဦးစိုးကိုကို (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) တို့က တာဝန်ယူ၍ အတူတကွ သွားရောက်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။ ကျောင်းသားအားကစားပွဲတော်ကြီး ဖွင့်ပွဲ၊ ပိတ်ပွဲအပါအဝင် စုစုပေါင်း တစ်လခန့် ကြာမြင့်ခဲ့သည်ဟု ထင်ရ၏။ အနုပညာရှင်များစွာကိုလည်း တွေ့မြင်ခဲ့ရသည်။ ရုပ်ရှင်ဘက်က ကျော်ရဲအောင်၊ ဝေဠုကျော်၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်ခဲ့သလို ဂီတဘက်ကလည်း အကော်ဒီယံ အုန်းကျော်နှင့် သက်ငုံဖူးတို့ သားအဖ၊ သီရိကိုကို၊ မီမီဝင်းဖေ၊ မို့မို့ဇော်ဝင်းတို့ ပါဝင်ခဲ့ပါသည်။ ညဘက်ဖျော်ဖြေပွဲမှာ ကြည့်ရှုနားဆင်ခံစားခဲ့ရသလို နေ့ခင်းနေ့လယ်များတွင် ဟားခါးမြို့၏ ချင်းရိုးရာအထည်ဆိုင်လေးတွေမှာ၊ ရိုးရာစားသောက်ဆိုင်လေးတွေမှာ သူတို့အဖွဲ့ကို ဟိုမှာတစ်စု၊ သည်မှာတစ်စု မြင်နေရ၏။ တွေ့ဆုံခဲ့ကြရ၏။



ချင်းပြည်နယ်၏ အလှသဘာဝရှုခင်းကို အပေါ်စီးမှ တွေ့မြင်ရစဉ်။

မှတ်မှတ်ထင်ထင်ရှိခဲ့တာ တစ်ခုကတော့ ကျွန်တော်တို့အဖွဲ့ မြို့မသာသနာပြုစာသင်တိုက်သို့ သွားရောက်ပြီး ပဓာနနာယကဆရာတော် အရှင်တေဇောသာရအား ဖူးမြော်ကြချိန်၊ သူတို့အားလုံးကလည်း လာရောက်ဖူးမြော်ချိန် တွေ့ဆုံခဲ့ခြင်းကိုပဲဖြစ်၏။ ထိုစာသင်တိုက်တွင် ချင်းပြည်နယ်၏ ပထမဆုံးသော ပါဠိပထမပြန်စာမေးပွဲကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဆရာတော် အရှင်တေဇောသာရသည် ဒေါက်တာအရှင်တေဇောသာရ ဖြစ်လာတော်မူခဲ့ပြီး နိုင်ငံတော်က ၂၀၁၁ ခုနှစ်တွင် ဆက်ကပ်သည့် ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တော်ကိုလည်း လက်ခံရရှိသည့် တောင်တန်းသာသနာပြု ဆရာတော်ဖြစ်သည်။ ယခုခရီးစဉ်အတွင်း ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။ ယင်းနောက် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေတော်မူလျက်ရှိသည့် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော် ကြည်ညိုကြကာ သင်္ကန်းပရိက္ခရာ၊ နဝကမ္မအလှူငွေ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ စာရေးသူကျွန်တော်က ဆရာတော်အား ၁၉၉၈ ခုနှစ်တွင် မြို့မသာသနာပြုစာသင်တိုက်၌ စတင်ဖူးမြော်ခဲ့ရပုံ၊ ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် လက်ရှိ သီတင်းသုံးနေသည့် ဇေတဝန်ကျောင်း၌ ထပ်မံဖူးမြော်ခဲ့ပုံတို့ကို ပြန်လည်လျှောက်ထားခဲ့ပါသည်။ ကျွန်တော်ဆောင်းပါးများ ရေးသားပူဇော်ခဲ့သည်ကိုလည်း ဆရာတော်က အမှတ်ရနေပါ၏။

### ခွာရုံ (သို့မဟုတ်) ခွာလွှန်း

ယနေ့ ဟားခါးမြို့၏ ဖွံ့ဖြိုးစည်ပင်နေမှုက ၁၉၉၈ ခုနှစ်တွင် ကျွန်တော်တွေ့မြင်ခဲ့ရဖူးသော ဟားခါး၊ ၂၀၁၂/၂၀၁၃ ခုနှစ်များတွင် ကျွန်တော်ထပ်မံရောက်ရှိခဲ့သော ဟားခါးတို့နှင့် မတူအောင် ကြီးထွားများပြားနေသည်မှာ မှန်ပါသည်။ သို့သော် တည်ငြိမ်အေးချမ်းမှုကတော့ ယခင်ကျွန်တော်ရောက်ခဲ့၊ ကြုံခဲ့ဖူးသော ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံတို့နှင့် မတူတော့သည်မှာလည်း အလွန်သေချာပါသည်။ ၁၉၉၈ ခုနှစ်သည်ပင်လျှင် ချင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (CNF) တရားဥပဒေဘောင်အတွင်း မရောက်လာသေးပါ။ သို့တစေ ဟားခါးမြို့နှင့်ပတ်ဝန်းကျင်ကို ကျွန်တော်တို့အဖွဲ့ သွားခဲ့၊ လာခဲ့ဖူးသည်။ နေရာတော်တော်များများကို ရောက်ခဲ့ဖူးသည်။

ထိုသို့သွားလာရောက်ရှိခဲ့သော နေရာများထဲမှာ မြို့ဟောင်းရပ်ကွက်ရှိ ခွာရုံကျောင်းတိုက်လည်း ပါဝင်ပါသည်။ ယင်းကျောင်းတိုက်ထဲက ပြည်လုံးချမ်းသာ ဆုတောင်းပြည့် ကိုးနဝင်းစေတီအား ဖူးမြော်ကြည်ညိုခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီး အရှင်သီရိန္ဒသည် ချင်းပြည်နယ် သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူနေပါသည်။ ဆရာတော်ကြီးက မိန့်တော်မူသည်များထဲမှာ ၁၉၆၀ ပြည့်နှစ်တွင် မြို့ဟောင်းရပ်ကွက်သို့ စတင်ကြွလာခဲ့ပုံ၊ ဘုန်းကြီးကျောင်းမရှိသေးဘဲ နွားခြံသေးသေးလေးတစ်ခု၌ သီတင်းသုံး နေထိုင်ခဲ့ပုံ၊ ဟားခါးမှ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များသို့ လည်းကောင်း၊ ထိုမှ အိန္ဒိယနယ်စပ်ရွာများအထိလည်းကောင်း၊ ခြေကျင်ကြွ၍ သာသနာပြုခဲ့ပုံ၊ ကလေး၊ ဂန့်ဂေါဘက်သို့လည်း ခြေကျင်ကြွခဲ့ပုံ၊ လမ်းမှာ ဆွမ်းကိစ္စအဆင်ပြေစေရန် ဝေယျာဝစ္စတွေ အေးငြိမ်းစေရန် ပြောင်းဖူးပေါက်ပေါက်များလှော်၍ ဘုဉ်းပေးသွားရပုံများ ပါဝင်ပါသည်။ ဆရာတော်ကြီး၏ ၁၉၆၀ မှ ၁၉၆၄ ခုနှစ်အထိ လေးနှစ်တာ သာသနာပြုကာလ ကြာမြင့်လာခဲ့ချိန်၌ ဒေသခံချင်းတိုင်းရင်းသားများသည် တစ်အိမ်လျှင် ပျဉ်တစ်ချပ်၊ ဝါးတစ်လုံး စုဆောင်းလှူဒါန်း၍ ဘုန်းကြီးကျောင်း ဆောက်လုပ်ပေးခဲ့ကြောင်းလည်း သိခွင့်ရခဲ့သည်။ ထိုကာလက အိမ်ခြေ ၂၃ အိမ်သာ ရှိသေးသော ခွာလွှန်းရပ်ကွက်တွင် ဆောက်လုပ်ခဲ့သည့် ဘုန်းကြီးကျောင်းဖြစ်၍ ခွာလွှန်းကျောင်းဟု ခေါ်တွင်လာခဲ့ရာမှ ကာလရွေ့လျားလာသောအခါ ခွာလွှန်းမှ ခွာရုံဖြစ်လာခဲ့ကြောင်း ဆရာတော်ကြီးက အမိန့်ရှိခဲ့သည်။ ချင်းဘာသာအားဖြင့် ခွာဆိုသည်မှာ ရွာကိုခေါ်ပြီး လွှန်းကအဟောင်းဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်လေရာ ရွာဟောင်းဟု သညာပြုရမည်ဖြစ်ပြီး ရွာဟောင်းမှ မြို့ဟောင်းအဖြစ်သို့ ပြောင်းလဲလာခြင်း ဖြစ်တန်ရာ၏။

တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၊ ခွာရုံဆရာတော်ကြီးအပါအဝင် အရှင်ဒေါက်တာတေဇောသာရ ကဲ့သို့ တောင်တန်းသာသနာပြုဆရာတော်များ၏ သာသနာထွန်းကားပြန့်ပွားရေး ဆောင်ရွက်ခဲ့မှုများကို ကြည်ညိုသဒ္ဓါပွား၍ ရန်းတောင်ခြေမှ အလင်းတန်းများ ဆောင်းပါးကို ရေးသားခဲ့ခြင်းဖြစ်သည်။ ကျွန်တော်နောက်တစ်ခေါက် ဟားခါးမြို့သို့ ပြန်လည်ရောက်ရှိချိန်မှာတော့ ခွာရုံဆရာတော်ကြီး ဦးသီရိန္ဒက ပျံလွန်တော်မူခဲ့လေပြီ။

### ချင်းအမျိုးသားနေ့မှာ ပါဝင်ဆင်နွှဲခဲ့ကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ တစ်ဆင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဖေဖော်ဝါရီ ၂၀ ရက်သည် ချင်းပြည်နယ်၏ ချင်းအမျိုးသားနေ့ဖြစ်သည်။ ဟားခါးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ချင်းအမျိုးသားနေ့ကို ဒေသခံချင်းတိုင်းရင်းသားသွေးချင်းများနှင့်အတူ ကျွန်တော်တို့အားလုံး ရင်းနှီးချစ်ကြည်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**“ကျွန်တော်အပြေးအလွှား လှမ်းမျှော်ကြည့်မိသည်က ဟားခါးမြို့ကို စိုးမိုးထားသော ရန်းတောင်ကြီးဆီကိုပဲဖြစ်၏။ ထိုတောင်ပေါ်မှာ တင့်တယ်သပ္ပာယ်စွာ စံနေတော်မူသည့် ကကုသန်စေတီတော်မြတ်၊ ဇေယျသိဒ္ဓိရုပ်ပွားတော်ကြီး၊ ပဉ္စဝဂ္ဂီငါးဦး ဓမ္မစကြာတရားဦး နာနေသည့် ပုံတော်များနှင့် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ ရုပ်တုတို့အား ရည်မှန်းဦးခိုက်လိုက်ပါသည်။ အမြင့်ပေ ၆၁၂၀ တွင် တည်ရှိနေသော ဟားခါးမြို့၏ အေးစိမ့်စိမ့်ရာသီဥတု၊ သွားရင်းလာရင်းနဲ့ ဖြိုးခနဲဖျတ်ခနဲ တွေ့မြင်နေရသော ချင်းရိုးရာအိမ်လေးများ၊ ဂုဏ်ရှိန်ထည်ဝါလှသည့် ဦးဝမ္မသူးမောင် အားကစားကွင်းကြီးတို့က ကျွန်တော့်စိတ်အာရုံကို လွန်ခဲ့သည့်နှစ်များစွာဆီသို့ ပြန်လည်ဆွဲခေါ်သွားခဲ့”**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။







### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ဒုတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |

*စာမျက်နှာ ၂၂ သို့*

# ကျိုင်းတုံမြို့၌ တစ်နှစ်လျှင် တစ်ရက်သာကျင်းပသည့် ဈေးဟောင်းနေ့(ခေါ်)စော်ဘွားဈေးနေ့သို့ လာရောက်လည်ပတ်ဈေးဝယ်ကြသူများဖြင့် စည်ကား

ကျိုင်းတုံ မတ် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရှမ်းတိုင်းရင်းသားများ၏ ထုံးတမ်းအစဉ်အလာအရ တစ်နှစ်လျှင် တစ်ရက်သာ ကျင်းပသည့် ဈေးဟောင်းနေ့ (ခေါ်) စော်ဘွားဈေးနေ့ကို မတ် ၁၁ ရက်က ယခင်ဈေးဟောင်းနေရာဖြစ်သည့် ပါလျှန်မြို့ရိုးတံခါးအနီး စော်ဘွားကြီးအုတ်ဂူရှေ့ လွိုင်မွေလမ်းတွင် ကျင်းပသည်။



စော်ဘွားဈေးနေ့ (ခေါ်) ဈေးဟောင်းနေ့တွင် ဒေသထွက်သီးနှံများ၊ အစားအစာများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ရပ်နီးရပ်ဝေးမှ လာရောက်ဈေးရောင်းချသူများ၊ ဈေးဝယ်သူများ၊ အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိပြီး စော်ဘွားဈေးသို့ လာရောက်သူများနှင့် စော်ဘွားအမျိုးအနွယ်များက စော်ဘွားအဆက်ဆက် အရိုးအိုးများ မြှုပ်နှံရာ စော်ဘွားသင်္ချိုင်းဟောင်းရှိ အုတ်ဂူရှစ်ခုတွင် သစ်သီး၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ပူဇော်ပသကြကြောင်း သိရသည်။

ကျိုင်းတုံမြို့၌ ရှေးခေတ်ထုံးတမ်းအစဉ်အလာမပျက် တစ်နှစ်လျှင် တစ်ရက်သာ ရောင်းချလေ့ရှိသည့် ဈေးဟောင်းနေ့ (ခေါ်) စော်ဘွားဈေးသို့ လာရောက်သူများ အားလုံးသည် ကောင်းသောမင်္ဂလာနှင့် ပြည့်စုံပြီး ၎င်းဈေးတွင် ရောင်းချသောပစ္စည်းဝယ်ယူပါက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကောင်းမွန်သည်ဟုယူဆကာ မြို့သူ မြို့သားများ၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူ ကျေးရွာသားများ၊ ညွှေ့သည်များနှင့် ကလေးငယ်များမှစ၍ သက်ကြီးရွယ်အိုများအထိ ဈေးဟောင်းနေ့ (ခေါ်) စော်ဘွားဈေးသို့ လာရောက်လည်ပတ်ကာ ဝယ်ယူကြသည့်အတွက် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တောင်ပြိုလက်ဝဲမြို့၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား

တောင်ပြိုလက်ဝဲ မတ် ၁၂

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့၌ မတ် ၁၁ ရက်က မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်ခန့်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

တောင်ပြိုလက်ဝဲမြို့ အမှတ်(၂) ရပ်ကွက် ဘုန်းတော်ကြီးကျောင်းအနီး၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ရပ်ကွက်နေ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ၁ နာရီ ၁၅ အချိန်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

တောမီးလောင်မှုကြောင့် အနီးရှိ MPT ဆက်သွယ်ရေး တာဝါတိုင်တစ်ခုကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ ၎င်းတာဝါတိုင်ရှိ ဖိုက်ဘာကြိုးလေးချောင်း၊ ပါဝါကြိုးခြောက်ချောင်း မီးလောင်ကျွမ်းခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သုံးသိန်းခွဲခန့်ရှိကြောင်း သိရသည်။

**သိန်းနိုင်(ပြန်/ဆက်)**



စာမျက်နှာ ၂၁ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက- အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက- အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက- ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက- မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက- လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက- သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက- ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက- ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စကြော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက- ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက- ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ဟင်္သာတခရိုင်အတွင်းရှိ လမ်းများကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဟင်္သာတ-ဒူးယား-ဒေါင့်ကြီး-ဇလွန်လမ်း (ကီလိုမီတာ ၁၈-၉၁ မှ ၂၁.၃၂ အထိ )၂၃ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ထားပုံ။

ဟင်္သာတခရိုင်အတွင်းရှိ လမ်းများကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

ဟင်္သာတခရိုင်တွင် ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် လမ်းတစ်လမ်းနှင့် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့်လမ်း ၁၇ လမ်း စုစုပေါင်း ၁၈ လမ်းရှိသည်။ ခရိုင်အတွင်းမှ ကြိမ်ပင်ဆည် - စကြော့-ဓနုဖြူ-ဇလွန်လမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် လမ်းဖြစ်သည်။ တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့် လမ်း ၁၇ လမ်းတွင် ဟင်္သာတ-ဒူးယား - ဒေါင့်ကြီး - ဇလွန်လမ်း၊ ဟင်္သာတ-ဆုံကုန်း- မြန်အောင်လမ်း၊ ဟင်္သာတ - နိဗ္ဗာန်-သောင်ကြီး- ကျုံပျော်- ရေကြည်လမ်း၊ ငဝန်တံတား (မြို့ကွင်း) ချဉ်းကပ်လမ်းတို့ ပါဝင်သည်။

ထို့အတူ တလုတ္တော် - လေးမျက်နှာလမ်း၊ လေးမျက်နှာ - အိုင်သပြု - ငါးသိုင်းချောင်းလမ်း၊ နိဗ္ဗာန်- အိုင်တို- အိုင်သပြုလမ်း၊ ဇလွန် - ပျဉ်းမကုန်း - ရှမ်းစုလမ်း၊ ဇလွန် - ကော့ကပ်-ရွားခဲလမ်း၊ အမှတ် (၁) မြို့ဝင်လမ်း၊ အမှတ် (၂) မြို့ဝင်လမ်း၊ ဟင်္သာတ(မြို့ပတ်လမ်း)၊ တာကွေ့ - စိန်ဝိုင်း - ပျဉ်းမကုန်း - တာဆုံလမ်း၊ ဇလွန်မြို့တွင်းလမ်း၊ ဇလွန်မြို့ (ဗိုလ်ချုပ်လမ်း)၊ လေးမျက်နှာ- ခတ္တာ -ပန်းတောကြီးလမ်းနှင့် ပုသိမ် - မုံရွာလမ်းတို့လည်း ပါဝင်သည်။

**လမ်းမိုင်အရှည် ၁၆၃ မိုင် ၁၀၁ ပေ တည်ရှိ**

ခရိုင်အတွင်း လမ်းမိုင်အရှည် စုစုပေါင်း ၁၆၃ မိုင် ၁၀၁ ပေ တည်ရှိပြီး ပြည်ထောင်စုမှ စီမံခန့်ခွဲသည့်လမ်းမိုင်သည် ကိုးမိုင် သုံးဖာလုံ ရှိကာ တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့် လမ်းမိုင်သည် ၁၅၃ မိုင် ၅ ဖာလုံ ၁၀၁ ပေ ဖြစ်သည်။ ပြည်ထောင်စုမှ စီမံခန့်ခွဲသည့် လမ်းမှ ခုနစ်ဖာလုံနှင့် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့် လမ်းမှ ၁၃၄ မိုင် ငါးဖာလုံ ၄၅၆ ပေကို ခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်လမ်းပိုင်းများကို လမ်းအထူးအဖွဲ့ (၂၀)နှင့် လမ်းအထူးအဖွဲ့ (၂၁)တို့က တာဝန်ယူထားသည်။ လမ်းအထူးအဖွဲ့ (၂၀)သည် လမ်းမိုင် ၁၈ မိုင် ၇ ဖာလုံ ၃၀၅ ပေ နှင့် လမ်းအထူးအဖွဲ့ (၂၁)သည် လမ်းမိုင် ၈ မိုင် ၄ ဖာလုံကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ရာသီမရွေး သွားနိုင်တဲ့လမ်းအဖြစ် ခရိုင်အတွင်းမှာ ရာခိုင်နှုန်းပြည့်နီးပါး ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီလမ်းတွေကို ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း ဖြစ်လာအောင် အဆင့်မြှင့်တင်ခြင်းနဲ့ ယာဉ်သွားလာမှုအပေါ် မူတည်ပြီးလမ်းချဲ့ခြင်းလုပ်ငန်းတွေကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်” ဟု ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

**ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့**

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဟင်္သာတ-ဆုံကုန်း - မြန်အောင်လမ်း မူလကတ္တရာလမ်း ၂၄ ပေ အကျယ်ကို ပေ ၃၀ အကျယ် ကွန်ကရစ်လမ်း၊ အမှတ်(၂) မြို့ဝင်လမ်း မူလ အမာခံလမ်း ၁၄ ပေ အကျယ်ကို ၁၈ ပေ အကျယ်ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအနေဖြင့် ဟင်္သာတ - နိဗ္ဗာန် - သောင်ကြီး- ကျုံပျော် - ရေကြည်လမ်းကို မူလ ၁၆ ပေမှ ၂၃ ပေအကျယ်သို့လည်းကောင်း၊ ငဝန်တံတား (မြို့ကွင်း)လမ်းကို မူလ ၁၂ ပေမှ ၁၈ ပေ အကျယ်သို့လည်းကောင်း၊ ဟင်္သာတ - ဒူးယား- ဒေါင့်ကြီး - ဇလွန်လမ်းကို မူလ ၁၈ ပေ မှ ၂၃ ပေ အကျယ် သို့လည်းကောင်း၊ လေးမျက်နှာ- အိုင်သပြု - ငါးသိုင်းချောင်းလမ်းကို မူလ ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်း အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

**ပျက်စီးနေသော ကွန်ကရစ်လမ်းကို အသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်**

အလားတူ ဟင်္သာတ- ဒူးယား - ဒေါင့်ကြီး- ဇလွန်လမ်း၊ ဟင်္သာတ- ဆုံကုန်း - မြန်အောင်လမ်း ၊ တလုတ္တော်- လေးမျက်နှာလမ်း၊ ဇလွန်မြို့ (ဗိုလ်ချုပ်လမ်း)၊ လေးမျက်နှာ- အိုင်သပြု- ငါးသိုင်းချောင်းလမ်းနှင့် နိဗ္ဗာန် - အိုင်တို - အိုင်သပြုလမ်းများကို ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ နိဗ္ဗာန်- အိုင်တို - အိုင်သပြုလမ်းပိုင်းတွင် မြေသား တာဘောင်ချဲ့ခြင်း လုပ်ငန်းများ၊ လေးမျက်နှာ- အိုင်သပြု- ငါးသိုင်းချောင်း လမ်းတွင် ရေစီးရေလာ ကောင်းမွန်စေရန် (၁၀' x ၄၀') ရေထုတ်ပြွန်တစ်စင်း တည်ဆောက်ခြင်းနှင့် ဇလွန် - ပျဉ်းမကုန်း- ရှမ်းစုလမ်းပိုင်းတွင် ပျက်စီးနေသော ကွန်ကရစ်လမ်းကိုဖောက်၍ အသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

“ ကျွန်တော်တို့ ဒေသက အရင်က ရေလမ်းက သွားကြတာများတယ်။ လမ်းတွေကလည်း အခုလို မကောင်းသေးဘူးလေ။ ရေလမ်းက သွားမယ်ဆိုရင် ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ သွားခဲ့ရတာမဟုတ်ဘူး။ နွေရာသီ မြစ်ဆိပ်ဆီ သွားရင် သောင်ပြင်ဖြတ်ပြီးမှ ရေယာဉ်နဲ့ သွားရတာ။ အခုကတော့ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတော့ ရေလမ်းအသုံးပြုတာနည်းသွားပြီ” ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးမြတ်သူက ပြောသည်။

**ရာသီမရွေး သွားလာနိုင်**

လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိသော လမ်းများကို ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ နိုင်လွန်ကတ္တရာလမ်းများသို့ အဆင့်မြှင့်တင်နိုင်ခဲ့သည့်အတွက် ယခင်က အချိန်ကြာမြင့်စွာ သွားလာခဲ့ရသော ဒေသတွင်း မြို့နယ်များကို အချိန်တိုအတွင်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

# ကြို့ပင်ကောက်မြို့နယ်၌ နွေရာသီအခြေခံအားကစားနည်းသင်တန်းများဖွင့်

**ကြို့ပင်ကောက် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သင်ကြားသော နွေရာသီအခြေခံအားကစားသင်တန်းများကို မြို့နယ်မီတာ ၄၀၀ အားကစားကွင်း၌ မတ် ၁၁ ရက်ကစတင်၍ လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။



မြို့နယ်အားကစားမှူး ဦးမြင့်နိုင်က နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးငယ်များအချိန်ကို အကျိုးရှိစွာအသုံးချပြီး ကျန်းမာကြံ့ခိုင်သော အားကစားသမားကောင်းများပါထွက်လာစေရန်၊ အသင်းအဖွဲ့စိတ်ဓာတ်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် မလိုလားအပ်သော အတွေးအခေါ်အယူအဆများဖြင့် လမ်းမှားမရောက်စေရေးအတွက် ရည်ရွယ်၍ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဝူရှူး စသည့်အားကစားနည်းများကို ကျွမ်းကျင်သော အားကစားသမား နည်းပြဆရာများဖြင့် အခြေခံအဆင့်အား မတ် ၂၄ ရက်အထိနှင့် ပြိုင်ပွဲဝင်အဆင့်အား ဧပြီ ၅ ရက်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# အရိုးထွက်နှင့် အစေ့ထွက်ကောင်းသော နှံစားပြောင်းမျိုးသစ် ဖြန့်ဖြူးသွားမည်

**နေပြည်တော် မတ် ၁၂**

ဒေသနှင့်ကိုက်ညီမှုရှိပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် နှံစားပြောင်းသီးနှံမျိုးများရရှိရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ နှံစားပြောင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သုတေသနရလဒ်တစ်ခုဖြစ်သည့် အရိုးထွက်နှင့် အစေ့ထွက်ကောင်းသော နှံစားပြောင်း မျိုးသစ်ကိုထုတ်ဝေဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် အပူဒဏ်နှင့် ရာသီဥတု ကြမ်းတမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် နှံစားပြောင်းသီးနှံကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် နှံစားပြောင်း သုတေသနလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်အတွက် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ အပူပိုင်းသီးနှံများ သုတေသနဌာန (ICRISAT) အိန္ဒိယမှ နှံစားပြောင်းမျိုးသစ် ၂၇ မျိုးကို မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီမှု ရှိ မရှိ သိရှိနိုင်ရန် ရေဆင်းဒေသတွင် စမ်းသပ်စိုက်ပျိုးလေ့လာခဲ့သည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဒေသအလိုက် ဖြစ်ထွန်းမှုကို သိရှိနိုင်ရန် ရေဆင်း၊ မြင်းခြံ၊ ဇလုပ်သုတေသနခြံများသို့ ပေးပို့၍ စမ်းသပ်စိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီကာ အထွက်နှုန်းကောင်းသော စမ်းသပ်မျိုးများ ခုနစ်မျိုး ရရှိခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဖြစ်ထွန်းမှု ကောင်းမွန်သော အစေ့ထွက်နှင့် အရိုးထွက်ကောင်းသည့် နှံစားပြောင်း မျိုးသစ်ခုနစ်မျိုးကို ရေဆင်း၊ မြင်းခြံ၊ ဇလုပ်သုတေသနခြံများသို့ ပေးပို့၍ စမ်းသပ်စိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသော စမ်းသပ်မျိုးများ ရရှိရန် ဆောင်ရွက်ခဲ့ကြောင်း၊ စမ်းသပ်တွေ့ရှိချက်များအရ IS-4688 မျိုးသည် စံထားမျိုး ရေဆင်းနှံစားပြောင်းဖြူ-၉ ထက် အစေ့ထွက် ၂ ဒသမ ၉၃ တင်းနှင့် အရိုးထွက် ၁ ဒသမ ၀၂ တန် သာလွန်ကောင်းမွန်သည်ကို တွေ့ရှိရ၍ မျိုးသစ်အဖြစ် ထုတ်ဝေဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံဖြစ်သည့်အပြင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အတွက်လည်း အလားအလာကောင်းသည့် သီးနှံဖြစ်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သော သီးနှံဖြစ်ပြီး အရိုးထွက်နှင့် အစေ့ထွက်ကောင်းသောမျိုးဖြစ်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးသင့်ကြောင်း သိရသည်။ **သိဒ်**



# မူဆယ်မြို့ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မူဆယ် မတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဌာနဆိုင်ရာများ စုပေါင်း၍ မတ် ၁၁ ရက်က မူဆယ်မြို့ မြန်မာ-တရုတ်နယ်ခြားမျဉ်းတစ်လျှောက် ဆင်ဖြူဈေးပတ်ဝန်းကျင်ကို သန့်ရှင်းလှပစေရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံများရှင်းလင်းခြင်း၊ အမှိုက်များ/စွန့်ပစ်ပစ္စည်းများ ပိတ်ဆို့နေသော မြောင်းများကို ပြန်လည်တူးဖော်ခြင်း၊ သစ်ပင်များခုတ်ထွင်ဖယ်ရှားခြင်းနှင့် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး စနစ်တကျ စည်ပင်အမှိုက်ကားများဖြင့် စွန့်ပစ်ရှင်းလင်းဆောင်ရွက်ကြကာ အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မူဆယ်မြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Future Perfect Continuous Tense (အနာဂတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းနမူနာဝါကျများနဲ့သာမက ပိုမိုသဘောပေါက်နားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about 'Making an invitation' စားသောက်ဆိုင်ကို ဖိတ်ကြားခြင်းအကြောင်း ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Future Perfect Continuous Tense (အနာဂတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းကို နမူနာဝါကျများနဲ့သာမက ပိုမိုကျွမ်းကျင်စေဖို့ လေ့ကျင့်ခန်းများနဲ့ပါ ဖော်ပြလိုက်ပါတယ်။

**Future Perfect Continuous Tense (အနာဂတ်ဖြစ်ပြီး ဖြစ်ဆဲကာလ)**

This tense is used for actions which will be in progress over a period of time that will end in the future.

လုပ်ဆောင်ချက်တစ်ခုသည် (မကြာမီပြီးဆုံးတော့မယ့်) အနာဂတ်အချိန်တစ်ခုအထိ ဆက်လက်ဖြစ်နေဆဲ လုပ်နေဆဲဆိုပါက **Future Perfect Continuous Tense (အနာဂတ်ဖြစ်ပြီး ဖြစ်ဆဲကာလ)** ကိုသုံးသည်။

ဥပမာ –

- At the end of next year we shall have been studying English for ten years.
  နောက်နှစ်ကုန်ရင် ကျွန်ုပ်တို့ အင်္ဂလိပ်စာလေ့လာနေတာ ဆယ်နှစ်ရှိတော့မယ်။
- By next March we shall have been living here for four years.
  နောက်မတ်လရောက်ရင် ကျွန်ုပ်တို့ ဒီနေရာမှာနေတာ လေးနှစ်ရှိတော့မယ်။
- I'll have been teaching for twenty years next July.
  ဇူလိုင်လရောက်ရင် ကျွန်တော်စာသင်နေတာ နှစ် ၂၀ ရှိတော့မယ်။
- He'll be tired when he gets here. He'll have been travelling all day.
  သူအဲဒီကို ရောက်တဲ့အခါ ပင်ပန်းနေလိမ့်မယ်။ သူတစ်နေကုန် ခရီးသွားနေလို့ဖြစ်တယ်။
- How long will Jo have been working when he retires?
  ဂျိုးအနားယူတဲ့အခါ သူဘယ်လောက်ကြာကြာ အလုပ်လုပ်ပြီး ဖြစ်မလဲ။
- Next month I'll have been studying Chinese for two years.
  နောက်လဆိုရင် ကျွန်တော်တရုတ်စာသင်နေတာ နှစ်နှစ် ပြည့်တော့မယ်။




ဒီ Tense က အသုံးနည်းပါတယ်။ တချို့ Intermediate စာအုပ်တွေမှာတောင် ဒီ Tense ကိုဖော်ပြတာရှားပါတယ်။ သို့သော်လည်း Tenses တွေအကြောင်းဖော်ပြရင်တော့ ဒီ Tense ကို ချန်လှပ်ထားခဲ့လို့မရပါဘူး။ ဒါကြောင့် ကျွန်တော်ရဲ့ စာဖတ်ပရိသတ်တွေအတွက် ဖော်ပြပေးလိုက်ပါတယ်။

အခုဆိုရင်တော့ **Future Perfect Continuous Tense (အနာဂတ်ဖြစ်ပြီး ဖြစ်ဆဲကာလ)** အကြောင်း အတော်လေးနားလည်သွားပြီလို့ ယူဆပါတယ်။ ဒါကြောင့် သူနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေလုပ်ကြည့်ရအောင်။

**Exercise (1) Put the verbs in brackets into the Future Perfect Continuous Tense.**

1. I ....................... (start) my startup since 2025.
2. She ........... (learn) to drive a scooter for one hour.
3. He .................(go) to the airport before 10 o'clock.
4. Sam .................... (remove) the waste from the backyard tomorrow.
5. You .................... (sleep) when I will come for the second round.
6. They .......................(study) seriously for 2 hours.
7. He ...................(not/study) long enough to qualify.
8. Next week Jane is going to swim form England to France. By the time she gets to France she ............. (swim) non–stop for over thirteen hours.
9. Ram starts waiting at 9 a.m. I am late and cannot arrive before 10 a.m. Ram .................... (wait) for an hour by the time I meet him.
10. We ............ (work) on this project before 10 o'clock.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. I shall have finished my work by noon.
2. You will have read this book by tomorrow night.
3. By the time we reach the cinema the show will have started.
4. They will have arrived long before you get back.
5. I hope you will have not forgotten all this by tomorrow.
6. By 2032 he will have been away for ten years.
7. By this time next week I shall have been in Laos.
8. When you come back, we shall have already painted the whole house.
9. If you don't get back before ten, we shall have eaten everything.
10. By the time you are sixteen, you will have learnt to speak English.

**Exercise (2) မှ အဖြေများ**

1. We'll be eating
2. we'll be playing
3. She'll be waiting
4. it will have finished or it will be finished
5. you'll still be living
6. she'll have travelled
7. I'll be staying
8. he'll have spent
9. I won't be doing

## VOCABULARY (ANTONYMS)

1. **optimist** (အကောင်းမြင်သမား။) ¹ **pessimist** (အဆိုးမြင်သမား။)
2. **order** (အစီအစဉ်တကျ) ¹ **chaos** (ပရမ်းပတာဖြစ်ခြင်း)
3. **pardon** (ခွင့်လွှတ်သည်) ¹ **punish** (အပြစ်ပေးသည်)
4. **peace** (ငြိမ်းချမ်းရေး) ¹ **war** (စစ်ပွဲ)
5. **permanent** (အမြဲတမ်းဖြစ်သော။) ¹ **temporary** (ယာယီဖြစ်သော။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Shortest way to talk about "Making an Invitation"

ဒီတစ်ပတ်မှာတော့ Making an invitation စားသောက်ဆိုင်ကို ဖိတ်ကြားခြင်းနဲ့ ပတ်သက်ပြီး ဘယ်ပုံ ဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "Making an invitation" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**a busy week = အလုပ်များသော သီတင်းပတ်**

**Would you care to + V–inf ...**

၁။ များသောအားဖြင့် ကျွန်တော်တို့တွေ့နေကျပုံစံကတော့ Would you like to + V–inf ပုံစံဖြစ်ပါတယ်။ အခုတွေ့ရမယ့် စကားပြောပုံစံကတော့ Would you care to + V–inf ဖြစ်ပါတယ်။ ဒီစကားပြောပုံစံကို အလွန်ယဉ်ကျေးတဲ့ပုံစံနဲ့ တစ်ဖက်သားကို လုပ်ချင်လား။ သွားချင်လား။ စားချင်လား စတဲ့ အဓိပ္ပာယ်နဲ့ ပြောတဲ့နေရာမှာ သုံးနိုင်ပါတယ်။ ဥပမာ –

- **Would you care to go out for dinner.**
- **Now, Mr Johnson, would you like to care to sign these documents?**
- **Would you care to accompany me?**

**My mouth gets watery just thinking about it**

၂။ အဲဒါကို စဉ်းစားလိုက်ရုံနဲ့ သွားရည်တောင်ကျတယ်လို့ ပြောတာဖြစ်ပါတယ်။ ကိုယ်စားချင်တာတစ်ခုခုအကြောင်း စဉ်းစားလိုက်ရုံ ပြောရုံနဲ့ သွားရည်ကျတယ်ဆိုပြီးပြောချင်ရင် အပေါ်မှာ ဖော်ပြထားတဲ့ စကားပြောပုံစံမျိုးနဲ့ သုံးနိုင်ပါတယ်။ ဒီနေရာမှာ moth watering နဲ့ပတ်သက်တဲ့ အသုံးလေးတချို့ကို ဝေမျှလိုက်ပါတယ်။

- **The waitress came round with a tray of mouth–watering cream cakes.**
- **Just thinking about lemon salad made me mouth water.**
- **After your active day, a mouth–watering steak might be just what you need to recharge.**

**I can pick you up**

၃။ လာကြိုမယ်ဆိုပြီးပြောတဲ့အခါမှာ I can pick you up ဆိုပြီးသုံးနိုင်ပါတယ်။ ဘယ်နေရာမှာ လာကြိုမလဲဆိုပြီး ကိုယ်လာကြိုမယ့်နေရာကိုလည်း ထည့်ပြောနိုင်ပါတယ်။ ဥပမာ –

- **I can pick you up in front of your office.**

## CONVERSATION



Conversation

**Making an invitation**

Bruno: Hello, Julia. How are you?

Julia: Fine, thanks. It's been **a busy week**.

Bruno: Tell me about it. Listen, what are you doing tonight?

Julia: Nothing that I know of. Why?

Bruno: **Would you care to go out for dinner?** I know a lovely Mexican restaurant.

Julia: Sounds like a plan!

Bruno: Once you try one of the food, it is very addicting, it is delicious. My favourite food is the burrito bowl; **my mouth gets watery just thinking about it.**

Julia: That would be wonderful. I'd like that very much. Where is it located?

Bruno: It's located in Lincoln Park. **I can pick you up in front of your office.**

Julia: Great! Let's go right after work.

Bruno: Okay. What time?

Julia: I finish at 5 p.m. Is that okay for you?

Bruno: Sure. I'll see you then. Bye.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၇၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက်နေ သဇင်ခိုင်သည် ၎င်းအသုံးပြုသည့် “Thazin Khaing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကံရိုးကျေးရွာနေ ပိုးအိလွင်သည် ၎င်းအသုံးပြုသည့် “Poe Ei Lwin” Facebook အကောင့်နှင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဖူးကျေးရွာနေ လွင်မာဦးသည် ၎င်းအသုံးပြုသည့် “Lwin Mar Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဆေးခြောက်အဆီဖြင့် ချောကလက်မုန့် ပြုလုပ်ရောင်းချသူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဆေးခြောက်အဆီဖြင့် ချောကလက်မုန့် ပြုလုပ်ရောင်းချသူကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် လူငယ်ထုအတွင်း မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် စိတ်ပြောင်းဆေးဝါးအသစ်များ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ ချောကလက်ကဲ့သို့ မုန့်များကို ဆေးခြောက်အဆီဖြင့် ရောစပ်၍ Online ပေါ်မှ ရောင်းချခြင်းများအား လူငယ်များ အတုယူမှား မသုံးစွဲမိစေရန်အတွက် ဘက်ပေါင်းစုံမှချဉ်းကပ်သည့် နည်းလမ်းများဖြင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်လျက်ရှိပြီး မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ၁၆၆ လမ်းမပေါ်တွင် မဆုသက်မွန်(ခ)ပုံ့ပုံ့ကို ဆေးခြောက် ၆၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တိုက် ၂၀ ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဆေးခြောက် ၂၄၀ ဂရမ်၊ ဖန်ပုလင်းဖြင့်ထည့်လျက် ဆေးခြောက်အဆီ ၆၀ စီစီ၊ ရေခဲသေတ္တာအတွင်းမှ ဆေးခြောက်အဆီဖြင့် ရောနှော ပြုလုပ်ထားသည့်





**မဆုသက်မွန်(ခ) ပုံ့ပုံ့ကို သိမ်းဆည်းရမိသည့် ဆေးခြောက်နှင့် ဆေးခြောက် အဆီဖြင့် ပြုလုပ်ထားသည့် ချောကလက်မုန့်များနှင့်အတူ တွေ့ရစဉ်။**

ချောကလက်မုန့် ၁၂၄ ခု၊ ဆေးခြောက်မုန့် ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၁၆ ခုနှစ်မှစ၍ ဆေးခြောက်အဆီထုတ်သည့် နည်းပညာအား Online မှ စတင်လေ့လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ ဆေးခြောက်များအား Online ပေါ်မှတစ်ဆင့် ဝယ်ယူပြီး ချောကလက်မုန့်များအတွင်းသို့ ဆေးခြောက်အဆီများ ရောနှောပြုလုပ်၍ လူငယ်များအား Online မှတစ်ဆင့် ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် မဆုသက်မွန် (ခ) ပုံ့ပုံ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းနှင့် ဝိသမလောဘသားများအနေဖြင့် ၎င်းတို့ ငွေရလိုမှုတစ်ခုတည်းကို သာကြည့်ပြီး ကျောင်းသားလူငယ်များနှင့်လူငယ်များအကြား ထင်ယောင်ထင်မှားပြု၍ ယခုထက်ပိုမိုပြီး ဆေးခြောက်များ ဆက်စပ်ပါဝင်သော အစားအသောက်များကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ရောင်းချမှုများအပေါ် မိမိနိုင်ငံ၏တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူခြင်းဖြင့် ကြိုတင်ကာကွယ်တားဆီးလျက်ရှိသည်ကို မိဘပြည်သူများအား အသိပေးတိုက်တွန်း တင်ပြထားရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းတင်ပြနိုင်ခြင်း မရှိသည့် Dji Drone တစ်စင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၈၀၀၀၀ ကို လည်းကောင်း



(အောက်ပုံ)၊ မတ် ၉ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသော Oil Filter ၉၀၁၄ ခုအပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၃၃၅၀၄၀ကို လည်းကောင်း၊ မတ် ၁၀ ရက်တွင် ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Kanjove Electric Tea Pot Double Cooker ၈၄ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၄၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၉၀၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြွေပြားချပ်ဖာ ၅၉၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၁၉၅၅၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀ကို လည်းကောင်း၊ မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Knit Fabric ၅၀၀၀ ကီလိုဂရမ်၊ Iron Pipe Fitting ၁၈၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၁၄၆၀၀၀နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Truck တစ်စီး၊ Hyundai KMEFG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၇၇၆၅၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂၆ ဒသမ ၃၂၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၂၀၆၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ မတ် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ဟင်းသီးဟင်းရွက်ဆီ ၂၆၉၆ လီတာ၊ Lipovitan-D ဖာ ၁၆၀ ၊ M-150 ဖာ ၂၀ ၊ Cheers Beer ဖာ ၁၂၀၊ Singha Beer ဖာ ၁၈၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Toyata Hiace နှစ်စီး၊ Mini Bus တစ်စီး၊ Mitsubishi Canter တစ်စီး၊ TOP SUPER M.P.V တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ကို လည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Arm Bush ဖာ ၄၀၊ Smart Softener ဖာ ၁၇၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၃၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၃၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၇ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၆၁၅၆၆၅၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ထပ်ဆင့်ရှင်းလင်း

**ပုသိမ် မတ် ၁၂**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေး ဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တရားစီရင်ရေးကိစ္စရပ်များ လမ်းညွှန်မှာကြားသည့် အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေး ဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၉၉ ဦး တက်ရောက်ခဲ့ကြပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**



## MNL ပြိုင်ပွဲတွင် ရခိုင်ကို ဟံသာဝတီအသင်း အနိုင်ယူ

**ရန်ကုန် မတ် ၁၂**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄)နောက်ဆုံးနေ့ကို မတ် ၁၂ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက ရခိုင်ယူနိုက် တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၃) တွင် နိုင်ပွဲစတင်ရရှိသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဟံသာဝတီအသင်းက ပထမပိုင်း ၃၅ မိနစ်တွင် အောင်မြတ်သူ သွင်းယူသည့် တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နှစ်ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးငါးသင်းအတွင်း ဝင်ရောက်လာခဲ့သည်။ **ရဲရင့်လွင့်**

### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှု ဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၄)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ စစ်သည်တေးသီချင်းဖျော်ဖြေမှု (Live Show) အစီအစဉ်ကို (၁၇-၃-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်။

(၁၇-၃-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
(၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် " ပြည်ချစ်သားမွန် တေးသဝဏ်"
ပွဲစဉ်(၄)ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဇွပေဖူးလွှာ | ဌာနအဆိုရှင် |
| ၂။ | အောင်ပွဲခံကာပြန်လာတဲ့အစ်ကို | ဌာနအဆိုရှင် |
| ၃။ | ဝေလည်းမွေး ကြွေလည်းမွေး | ပြင်ပအဆိုရှင် |
| ၄။ | အမြဲတမ်းနားလည်မယ် | ပြင်ပအဆိုရှင် |
| ၅။ | ခဏအနေလေးဝေးနေရတယ် | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၆။ | သူရဲကောင်းအဓိပ္ပါယ်များ | ပြင်ပအဆိုရှင် |
| ၇။ | ချစ်သူအတွက်ဆိုစွန့်ပံ့တယ် | ဌာနအဆိုရှင် |
| ၈။ | စစ်သားချစ်သူဘဝတွေ | ဌာနအဆိုရှင် |
| ၉။ | အသက်ထက်မြတ်တဲ့ဂုဏ် | ပြင်ပအဆိုရှင် |
| ၁၀။ | အားမှဖုန်းဆက်ပါ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" အဆိုရှင် |

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကုန်းဖောက်ရပ်ကွက်နေ မယုယုထွေး၏ ဖခင် ဦးနောင်ဖြူနှင့် ဦးရွှေမြင့် ၆/ကစန(နိုင်)၀၄၉၁၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေမြင့်(ခ)ဦးနောင်ဖြူ**

### ပတ်စ်ပို့ပျောက်

ကျွန်မ မနွဲ့စုလှိုင် ၁၂/အစန(နိုင်)၁၈၆၄၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC593186) မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၆၀၀၇၅၃**

### တိုက်ခန်းကျယ် အမြန်ရောင်းမည်

သာကေတမြို့နယ်၊ ထူပါရုံ (၁၅)လမ်း၊ ပေ(၂၀x၆၀)၊ ပထမထပ် ဟောတိုက်၊ ရေမီးအစုံ၊ တိုက်သစ်၊ ဘီစီစီကျပြီး။
ရောင်းဈေး(၈၇၅)သိန်း
စုံစမ်းရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

### ရိပ်ခိုနားနေ အပန်းပြေ၏

### ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ပဲခူးမြို့တွင် ကိုယ်ပိုင်ခြံကွက်ကို ဈေးသက်သက်သာသာနှင့် အေးအေးဆေးဆေးနေလိုသူများအတွက် ပဲခူးမြို့ရှောင်လမ်းမကြီးအနီး၊ အိုးအိမ်ဝန်ထမ်းအိမ်ရာအနီး၊ လေဆိပ်အဝင်လမ်းအနီး၊ မြို့နယ်အားကစားကွင်းအနီး၊ ငွေမကိုင်ထားဘဲ မြေကိုင်ထား လိုသူများအတွက် ပါမစ်မြေ၊ မြေအကျယ် (၆၀x၈၀)ပေ **(၁)ကွက်-ကျပ်သိန်း (၄၅၀)၊ (၂)ကွက်တွဲ (၆၀ x ၁၆၀)ပေ၊ ကျပ်သိန်း (၉၀၀)**

၂။ ပဲခူးမြို့၊ VIPရပ်ကွက်၊ မြေအကျယ်(၁၀၀ x ၁၀၀)ပေ၊ ဂရန်မြေ၊ တစ်ထပ်တိုက် (၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး၊ အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် နေလိုသူများအတွက်။ **ကျပ်သိန်း(၉၀၀)**

၃။ ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် စားသောက်ဆိုင်၊ ဆီဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ အမြန်လမ်းမကြီးဘေး၊ ၇၆ မိုင် ၂ဖာလုံ၊ မျက်နှာဝအကျယ် ပေ (၅၃၀) 76 Mile Mini Rest Campဘေး၊ ယာမြေ၊ မြေဧရိယာ (၃ ဒသမ ၃၉)ဧက၊ **ကျပ်သိန်း(၉၅၀)**

၄။ ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ အမြန်လမ်းမကြီးဘေး၊ ၈၇မိုင် ၆ဖာလုံ၊ မျက်နှာဝ အကျယ် ပေ (၁၀၀) ကျော်၊ ဥယျာဉ်ခြံမြေ၊ မြေအကျယ် (၁) ဧကကျော်၊ **ကျပ်သိန်း (၃၅၀)**

**ဖုန်း-09-5178979, 09-451146685, 09-263699715**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်8C/1984 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

❖ *ကျောဖုံးမှ*

ပဲလေ့စ်အသင်းသည် ယခုပွဲ ရှုံးနိမ့်မှုကြောင့်လိဂ် ၂၆ ပွဲကစားပြီး ရမှတ် ၂၇ မှတ် ရရှိထားသော်လည်း တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု အနည်းငယ်သာရှိသည့်အတွက် လာမည့်နှစ်တွင် တန်းမဆင်းရရေး ကျန်ရှိနေသောပွဲစဉ်များကို ရလဒ်ကောင်းရရှိရန် ကြိုးစားရတော့မည် ဖြစ်သည်။

ပြိုင်ဘက်မန်စီးတီးအသင်းက ယခုအနိုင်ပွဲကြောင့် ဦးဆောင်သူ အာဆင်နယ်အသင်းထက် တ စ်ပွဲပိုကစားပြီး နှစ်မှတ်လျော့ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။ ပဲလေ့စ်အသင်းသည် မန်စီးတီးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့်လေးကြိမ်သာရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ မန်စီးတီးအသင်းက ဂိုးကန်သွင်းမှု ၁၄ ကြိမ်ထက် မနည်းရှိခဲ့ရာ ဂိုးပေါက်တည့်မတ်မှု လေးကြိမ်တွင် တစ်ကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။ အခြားသောပွဲစဉ်ရလဒ်များတွင် စပါးက နော့တင်ဟမ်ကို သုံးဂိုး-တစ်ဂိုး၊ ချယ်ဆီးက လက်စတာကို သုံးဂိုး- တစ်ဂိုး၊ အဲဗာတန်က ဘရန့်ဖို့ဒ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ လိဒ်စ်နှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ ဒုတိယထပ်(ဝဲ)၊ အမှတ်(၃၉၃)နေ ဒေါ်ဝင်းမင်းမော်(ခ)ဝင်းမော် ၁၂/ဒဂန(နိုင်) ၀၀၅၃၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ဦးစိန်လှဘူး၊ ဒေါ်မြမြတို့တွင် သားသမီး(၇)ဦးမွေးဖွားခဲ့ပြီး ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်အေးမြမိုး၊ ဒေါ်စန်းစန်းတင်၊ ဦးကျော်လှဘူး၊ ဦးဇော်လှဘူး၊ ဦးမော်လှဘူး၊ ဦးအောင်လှဘူးတို့ ဖြစ်ပါသည်။ ထိုခုနစ်ဦးအနက် ဦးကျော်လှဘူးသည် လူပျိုကြီးဘဝဖြင့် မိဘများမတိုင်မီ ကွယ်လွန်ခဲ့သူဖြစ်ပါသည်။ ဦးစိန်လှဘူး၊ ဒေါ်မြမြတို့ ကွယ်လွန်ပြီးချိန်တွင် အမွေဆိုင်ပစ္စည်းများအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(ကန်/တောင်)ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၄၈)(ဒေါ်မြမြ)အမည်ပေါက် မြေအကျယ်(၂၅x၅၀)ပေရှိ နှစ်ထပ်အိမ်(၁)လုံးကျန်ရှိခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမင်းမော်(ခ)ဝင်းမော်သည် ဦးဇော်လှဘူး၏ တရားဝင်ဇနီးဖြစ်ပြီး ဦးဇော်လှဘူးသည် (၁၆-၇-၂၀၂၂)ရက်က ကွယ်လွန်ခဲ့ပါသည်။ သို့အတွက် ဦးစိန်လှဘူး၊ ဒေါ်မြမြတို့ ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့သည့် အမွေဆိုင်ပစ္စည်းအပေါ်တွင် ဦးဇော်လှဘူး(ကွယ်လွန်)၏ အမွေဝေစုကို ခံစားခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းမော်(ခ)ဝင်းမော်အား တစ်စုံတစ်ရာ အသိပေးအကြောင်းကြားခြင်းမရှိဘဲ အမွေဆိုင်ပစ္စည်းကို အမည်လွှဲပြောင်းခြင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်းများအပြင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမော်(စဉ်-၇၉၆၆)** **ဒေါ်မေဝင့်ဝါထွန်း(စဉ်-၁၆၅၀၄)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ်(က/၇၂၁)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့၊**
**ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၅၄၄၉၁၂၄၈၊ ၀၉-၉၇၂၇၇၀၉၀၉**

### သစ်ပင်စိုက်မှ အရိပ်ရ၏

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
## အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်အထိ)အတွက် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အသား(ဝက်၊ အမဲ၊ ဆိတ်) ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံ အများစနစ်ဖြင့် အောက်ဖော်ပြပါ ဈေးခုံနေရာ (၂)ခုအား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည် -

